ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (5-1-2016) (၈၄၃၆)

## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တာသုတ်-၄၄၃။)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့က လွတ်လပ်ရေးနေ့ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့က တည်ခင်းဧည့်ခံသည့် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်၌ ကျင်းပသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးတို့သည် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား ကျင်းပသည့် နိုင်ငံတော်သမ္မတအိမ်တော် ဥပစာမြက်ခင်းပြင်သို့ ညနေ ၆ နာရီခွဲတွင် ရောက်ရှိလာကြပြီး ညစာစားပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါ လွတ်လပ်ရေးနေ့အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ ပြင်းအား ၆ ဒသမ ၈ အဆင့်ရှိ မြေငလျင်လှုပ်

စာမျက်နှာ - ၄

အယ်လ်နီညိုကြောင့် ယခုနှစ် ခြောက်လအတွင်း ရေရှားမှုနှင့်အတူ အပူဆုံးဖြစ်လာမည်ဟု ခန့်မှန်း

စာမျက်နှာ - ၅

တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင် တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ - ၇



ကြေးမုံ စာတည်းရှုထောင့် ၅-၁-၂၀၁၆၊ အင်္ဂါနေ့

# ဂါရဝေါစ၊ နိဝါတောစ

"ဂါရဝေါစ" ရိုသေထိုက်သူတို့ကို ရိုသေခြင်းဆိုသည်မှာ လေးလေးစားစား အမြတ်တနိုး ပြုမူဆောင်ရွက်ခြင်း၊ ဂရုစိုက်ခြင်းပင်ဖြစ်သည်။ လေးစားရိုသေထိုက်သူများမှာ ရဟန်းသံဃာများ၊ ဆရာသမား၊ မိဘ၊ ဘိုးဘွား၊ ဘကြီး၊ ဘထွေး၊ အဒေါ်၊ အရီး၊ အစ်ကို၊ အစ်မတို့သာမက မိမိထက် အသက်၊ ဂုဏ်၊ သိက္ခာ၊ ဝါ ကြီးသူအားလုံးတို့ပင် ဖြစ်သည်။

ယင်းတို့မှာ အလေးထားရမည့်သူ၊ အပူဇော်ခံထိုက်သည့် လက်ခံထိုက်သောပုဂ္ဂိုလ်များဖြစ်သည်။ "နိဝါတောစ"ဆိုသည်မှာ မာန်မာနမရှိရခြင်းကိုဆိုလိုသည်။ ကိုယ်နှင့်တန်းတူ၊ ကိုယ့်အောက်အသက်၊ ဂုဏ်၊ ဝါငယ်သူ၊ နိမ့်သူများသာမက အထက်ဖော်ပြပါ ပုဂ္ဂိုလ်အားလုံးတို့ကို ရိုသေလေးစားသော အမူအရာရှိရုံမျှသာမက မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးဖြင့် နှိမ့်ချဆက်ဆံသော ပြုလုပ်သူတို့ကို ဆိုသည်။

ထိုဂါရဝေါစ၊ နိဝါတောစ အမှုတို့သည် မင်္ဂလာတရားနှင့်အညီဖြစ်၍ ကျွန်ုပ်တို့မြန်မာလူမျိုးများအားလုံး လိုက်နာကျင့်ကြံ အားထုတ်သင့်သော အပြုအမူများဖြစ်သည်။ မိမိတို့နှင့် ဆိုင်ရာဆိုင်ရာ ဂုဏ်ကြီးသောသူတို့ကို ရိုသေလေးစား နှိမ့်ချဆက်ဆံခြင်းအလုပ်မှာ မိမိနှင့်သာ သက်ဆိုင်ခြင်းဖြစ်၍ ပြုမူဆောင်ရွက်ရန် အပန်းမကြီးသော်လည်း မိမိနှင့်မဆက်နွယ်သော၊ မပတ်သက်သော အခြား အသက်၊ ဂုဏ်၊သိက္ခာ၊ ဝါကြီးသော ပုဂ္ဂိုလ်တို့ကို ဆက်ဆံရာ၌ မထီမဲ့မြင်၊ ဥပေက္ခာ ပြုမိမှုများရှိလိမ့်မည်ဖြစ်သည်။

ဂါရဝေါစ၊ နိဝါတောစ တို့ကို ထဲထဲဝင်ဝင် သိမြင်နားလည်ပြီး ကြုံတွေ့ရတိုင်း လေးလေးစားစား ဆက်ဆံပြုမူကြရန် လိုအပ်လာသည်။ အထူးသဖြင့် ဂုဏ်ဟူသည်မှာ မာန်မာနဖြစ်စေသော သဘောရှိသောကြောင့် ဂုဏ်ရှိလျှင် အသက်၊ ဝါကြီးသူများအား မလေးမစား၊ မထီမဲ့မြင်၊ နှိမ့်ချဆက်ဆံတတ်သည်ကိုတွေ့ရသည်။ ထိုသို့ပြုမူမိပါက မင်္ဂလာတရားနှင့်မညီသဖြင့် သတိထားဆက်ဆံသင့်သည်။

ထိုပုဂ္ဂိုလ်များမှာ မိမိနှင့်မပတ်သက်သော၊ သွေးမတော်သားမစပ်သည့် သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် အသက် (၆၀) နှင့်အထက်ကို သက်ကြီးအရွယ်များဟု ဆိုကြပါသည်။ ထိုအသက်ကြီးဦးရေမှာ ၁၉၉၀-၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံလူဦးရေ၏ ၆ ဒသမ ၄ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၈ ဒသမ ၀၅ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာခဲ့သည်။ ယခုလက်ရှိကာလတွင် အဆိုပါ သက်ကြီးအရွယ်များမှာ ၁၁ ရာခိုင်နှုန်းအထိ တိုးတက်များပြားလာသည်။

လက်ရှိတွင် သက်ပြည့်အငြိမ်းစား နိုင်ငံ့ဝန်ထမ်းဦးရေမှာ သိန်းနှင့်ချီရှိနေပြီး အဆိုပါအငြိမ်းစားသက်ကြီးများတွင် အများစုမှာ ပင်စင်လစာငွေအနည်းငယ်မျှဖြင့် ၎င်းတို့၏ဘဝအတွက် မပြည့်မစုံနှင့် နောက်ဆုံးအချိန်ကို အားငယ်စွာ ဖြတ်သန်းနေရသည်။ အငြိမ်းစားဝန်ထမ်းမဟုတ်သည့် ပြင်ပမှ သက်ကြီးရွယ်အိုများမှာလည်း မြန်မာနိုင်ငံတစ်ဝန်းတွင် သန်းနှင့်ချီ၍ရှိနေမည်ဖြစ်ပြီး ထိုသူများ၏ဘဝအတွက် မျှော်လင့်ချက်မှာ အလွန်နည်းပါးနေမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြို့နယ်ပေါင်း ၁၅၄ မြို့နယ်တွင် သက်ကြီးရွယ်အို ၁၆၉၁၉ ဦးကို သက်ကြီးရွယ်အိုစောင့်ရှောက်သူ စေတနာ့ဝန်ထမ်းများက စောင့်ရှောက်ပေးလျက်ရှိရာ ထိုပမာဏမှာ အလွန်နည်းပါးလှသည်။ ကျန်ရှိနေသေးသော သက်ကြီးရွယ်အိုများ အမြောက်အမြား ရှိနေဦးမည်ဖြစ်သည်။ ဂါရဝေါစ၊ နိဝါတောစ မင်္ဂလာတရားနှင့်အညီ သက်ကြီးရွယ်အိုအားလုံးတို့ကို စောင့်ရှောက်ကြရမည်ဖြစ်သည်။

ထိုသို့ စောင့်ရှောက်ရာတွင် အသက် (၆၀) အထက်ရှိသူများမှ အားအင်ချည့်နဲ့ မသန်မစွမ်းဖြစ်နေသူ၊ မည်သူတစ်ဦးတစ်ယောက်၏ ထောက်ပံ့ကူညီမှုမှမရဘဲ နေထိုင်ရပ်တည်နေရသူ၊ မိမိဘဝရပ်တည်ရေးအတွက် ဝင်ငွေ အလုံအလောက်မရှိသူနှင့် ကျောထောက်နောက်ခံမရှိခြင်း သို့မဟုတ် ကျောထောက်နောက်ခံရှိသော်လည်း ပစ်ပယ်ထားခြင်းခံရသည့် အထီးကျန်ဆန်နေသောသူများအား ဦးစားပေးရှာဖွေကာ စောင့်ရှောက်ပေးသင့်သည်။

ထိုသို့ဆောင်ရွက်ပေးခြင်းသည် မိမိတို့၏ ပတ်သက်ရာပတ်သက်ကြောင်း သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပေးခြင်းကဲ့သို့ပင် အကျိုးရှိပါသည်။ ထို့ကြောင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် ကုသိုလ်ထူးကို ပွားတိုးရွက်ဆောင်ကြပါရန် မေတ္တာတရားနှင့်အသိပေးအပ်ပါသည်။ ။

# မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည့်နေ့ရက် ပြင်ဆင်သတ်မှတ်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၅ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် အောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၁၁၇၄ပါး၊ ပါဠိဂုဏ်ထူးအောင်ပုဂ္ဂိုလ် နှစ်ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ၁၀ပါး၊ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၆ ပါး၊ နိကာယ်စာမေးပွဲတွင် အထူးအောင်ပုဂ္ဂိုလ် ၁၇ပါး၊ မဟာဝိဒူအောင် လေးပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်တော်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၁ရက် (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၉ရက်) တွင် ကျင်းပမည်ဟု ကြေညာခဲ့သည့်အစား ၁၃၇၇ ခုနှစ် တပို့တွဲလဆန်း ၇ရက် (၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်) (တနင်္လာနေ့)တွင် ပြောင်းလဲကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားနှင့် ပတ်သက်၍ သိရှိလိုသည်များကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ စ၍ရုံးချိန်အတွင်း မဟာအတုလဝေယံကျောင်းတော်ကြီးရှိ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ(ယာယီရုံးခွဲ) သို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# လားရှိုးမြို့၌ လုံခြုံရေးစီမံချက်များ ချမှတ်ဆောင်ရွက်



လားရှိုး ဇန်နဝါရီ ၄

လားရှိုးမြို့သည် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးတွင် အရေးပါသော မြို့ဖြစ်သောကြောင့် ကိုယ်ပိုင်ယာဉ်ငယ်များ၊ ခရီးသည်တင်ယာဉ်များ၊ ကုန်တင်ယာဉ်များဖြင့် စည်ကားလျက်ရှိသည်။ ယခုအခါ ရှမ်းပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုးကိုယ်တိုင် အနီးကပ်ကြီးကြပ်ကွပ်ကဲကာ လားရှိုးမြို့တွင် လုံခြုံမှုကောင်းမွန်စေရေး၊ ဒုစရိုက်သမားများအတွက် နေရာမရှိစေရေး၊ ပြည်သူလူထုစိတ်အေးချမ်းသာစွာ သွားလာနေထိုင်ရေးတို့ကို ဇန်နဝါရီ ၃ ရက် ညပိုင်းကအထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် ရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လားရှိုးမြို့နယ်အတွင်း လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်း၊ ပိတ်ဆို့ရေးများ၊ ဧည့်စာရင်း စစ်ဆေးခြင်းများကို နေ့/ညပိတ်ဆို့ ရှာဖွေစစ်ဆေးလျက်ရှိသည်။ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့ (လားရှိုး)က ပြည်ထောင်စုလမ်းမတစ်လျှောက်ရှိလမ်း၊ တံတားကင်းများ၊ လုံခြုံရေးကင်းများ၊ လမ်းအသုံးပြုခကောက်ခံသည့် တိုးဂိတ်များတွင် ပိတ်ဆို့ရှာဖွေရေးများ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိမှု ၈၅ မှု၊ မူးယစ်ဆေးဝါးမှု ၁၃၀၀၊ လက်နက်/ခဲယမ်းမှု ၂၁မှု၊ကျောက်စိမ်းဖမ်းဆီးမှု ၁၀မှု၊ သစ်ဖမ်းဆီးမှု ၁၄၈မှုတို့ကို အရေးယူဆောင်ရွက်နိုင်ခဲ့သည်။


လားရှိုးမြို့တွင်သာမက ခရိုင်ခြောက်ခရိုင်၊ မြို့နယ် ၁၉မြို့နယ်တို့တွင်လည်း လှည့်ကင်း၊ ရပ်ကင်း၊ ဝပ်ကင်း၊ ဧည့်စာရင်းစစ်ခြင်း၊ ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများကလည်း မြို့နယ်ဒေသအတွင်း မသင်္ကာဖွယ်ရာ လှုပ်ရှားမှုများ၊ လူ၊ ပစ္စည်းများတွေ့ရှိပါက ရုံး/ရဲစခန်းများသို့ သတင်းပေးပို့နိုင်ကြောင်း သိရသည်။

ဇာဏီအောင်(လားရှိုး)



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မိုင်ရှည်အပြေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၆ နာရီ မိနစ် ၅၀ က မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ကျောက်တလုံးကျေးရွာမှ ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်းရှေ့အထိ ကျင်းပရာ ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမ၊ အထူးဆုရရှိကြသူများနှင့် ဖွဲ့ဆုရရှိသူရှစ်ဦးတို့ကို တာဝန်ရှိသူများက ဆုများချီးမြှင့်ရာ ပထမဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

သက်နောင်ဦး(ငါန်းဇွန်)




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အောဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသက်ကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

## ပြည်တွင်းရေးရာ

**☆ နိုင်ငံတော်သမ္မတမှ**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ဇနီးဒေါ်ခင်ပြုံး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယဥက္ကဋ္ဌများနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သံအမတ်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် မီးရှူး မီးပန်းများဖြင့် ပစ်ဖောက်ဂုဏ်ပြုကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသော သံအမတ်ကြီးများနှင့် ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို လွတ်လပ်ခြင်း၊ စည်းကမ်းရှိခြင်းနှင့် ပျော်ရွှင်ခြင်းစသည့် ဒီမိုကရေစီအနှစ်သာရများနှင့်အတူ လွတ်လပ်ရေးနေ့အောင်ပွဲသဘင်များကို နေပြည်တော်တစ်ဝန်းလုံး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိဝန်ကြီးဌာနများကဦးဆောင်၍ သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ်များအတွင်းရှိ ကျောင်းများ၊ အားကစားကွင်းများ၌ ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တပျော်တပါးဆင်နွှဲလျက်ရှိသည်။

ထို့အတူ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိမြို့နယ်များ၊ အခြေခံပညာကျောင်းများ၊ ဝန်ထမ်းအိမ်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

ထို့အပြင် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် ရေပန်းဥယျာဉ် စသည့် နေပြည်တော်၏အထင်ကရနေရာများ၌ မိသားစုလိုက်၊ အသင်းအဖွဲ့လိုက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုညဖြစ်သည့် ယမန်နေ့ညနှင့် လွတ်လပ်ရေးနေ့ ယနေ့ညတို့တွင် နေပြည်တော်ရှိ ဝန်ကြီးဌာနရုံးများ၊ နေပြည်တော်မြို့တော်ခန်းမ၊ သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ကံ့ကော်ပန်းအဝိုင်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်၊ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ ဟိုတယ်ဇုန်နှင့် ဝန်ထမ်းအိမ်ရာများ၌ ရောင်စုံမီးများကို လှပခံ့ညားစွာ ထွန်းညှိ၍ လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုကြသည်။

"ကျွန်တော်က မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ကပါ။ ငယ်စဉ်က လွတ်လပ်ရေးနေ့ရောက်ရင် ဂန့်ဂေါမြို့ ဘောလုံးကွင်းထဲမှာ ကျင်းပတဲ့ အလံတင်အခမ်းအနားကို သွားကြည့်တယ်။ အားကစားပြိုင်ပွဲတွေ၊ ဌာနဆိုင်ရာပြခန်းတွေ၊ ပျော်ပွဲရွှင်ပွဲတွေကိုလည်းကြည့်ရတယ်။ ကိုယ်တိုင်လည်း ပါဝင်ခဲ့ဖူးတယ်။ လူငယ်တစ်ဦးအနေနဲ့ အများကြီးဗဟုသုတရတယ်။ ညပိုင်းဆိုရင် အငြိမ့်တွေ၊ ဇာတ်ပွဲတွေ အခမဲ့ဖျော်ဖြေတာကြည့်ရတယ်။ ပျော်စရာကောင်းပါတယ်။

နည်းနည်း အသက်အရွယ်လေးရလာတော့ နေပြည်တော်မြို့တော်ခန်းမမှာကျင်းပတဲ့ အလံတင်အခမ်းအနားကို တက်ဖူးတယ်။ ဒီအခမ်းအနားဟာ တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အလွန်အရေးပါတဲ့ အခမ်းအနားတစ်ခုလို့ ကျွန်တော်မြင်တယ်။

ဒီနေ့ကျင်းပတဲ့ လွတ်လပ်ရေးနေ့အခမ်းအနားဟာ အင်မတန်ထူးခြားတယ်လို့ ကျွန်တော်ပြောချင်တယ်။ ထူးခြားတဲ့နှစ်တစ်နှစ်လို့လည်း ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအစိုးရဟာ ပြီးခဲ့တဲ့ ငါးနှစ်တာကာလမှာ အစိုးရတာဝန်တွေကို အောင်မြင်စွာ ထမ်းဆောင်ပြီး နောက်လာမယ့်အစိုးရကို တာဝန်တွေ လွှဲပြောင်းပေးဖို့လုပ်နေပါပြီ။ ၂၀၁၆ ခုနှစ်ဟာ လက်ရှိအစိုးရကနေ နောင်တက်လာမယ့်အစိုးရကို အကူးအပြောင်းဖြစ်တဲ့နှစ်ဆိုတော့ အင်မတန်ထူးခြားတယ်လို့ ကျွန်တော်မြင်တယ်။ လာမယ့်အစိုးရဟာ တိုင်းပြည်ကို တိုးတက်သည်ထက်တိုးတက်အောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဦးအောင်ဇော်လင်းက ပြောသည်။ **(သတင်းစဉ်)**



**နေပြည်တော် တိရစ္ဆာန်ဥယျာဉ်တွင် လွတ်လပ်ရေးနေ့က လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)



**အလက(ခွဲ)-၃ နေပြည်တော်တွင် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများ ကျင်းပလျက်ရှိသည်ကို တွေ့ရစဉ်။** (သတင်းစဉ်)

# အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း၌ ငလျင်လှုပ်၊ ၁၁ ဦး သေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရ



**နယူးဒေလီ ဇန်နဝါရီ ၄**

ဇန်နဝါရီ ၄ ရက် (တနင်္လာနေ့) နံနက်အစောပိုင်းက အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းဒေသနှင့်ထိစပ်နေသည့် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့်ဘူတန်နိုင်ငံတို့တွင် မြေငလျင်လှုပ်ခဲ့ရာ လူ ၁၁ ဦးသေဆုံးပြီး ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း အိန္ဒိယသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြင်းအား ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိမြေငလျင်သည် အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မဏိပူရ်ပြည်နယ်၌ ဒေသစံတော်ချိန် နံနက် ၄ နာရီ ၃၀ မိနစ်တွင် လှုပ်ခတ်ခဲ့သည်။

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်၏ အိမ်နီးချင်းပြည်နယ်များ၊ အနောက်ဘင်္ဂလားနှင့်သြရိသပြည်နယ်များအထိ မြေငလျင်တုန်ခါမှုကို ခံစားခဲ့ကြရကြောင်း သတင်းတွင်ဖော်ပြသည်။

အိန္ဒိယနိုင်ငံမဏိပူရ်ပြည်နယ် မြို့တော်အင်ဖာတွင် ငလျင်လှုပ်ခတ်မှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး ၂၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ သေဆုံး၊ ထိခိုက်ဒဏ်ရာရသူများမှာ အဆောက်အအုံများ ပြိုကျခြင်းကြောင့်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်ဖာမြို့၏အနောက်ဘက် ၂၉ ကီလိုမီတာအကွာရှိမြေအောက် ၅၇ ကီလိုမီတာအနက်တွင်ဗဟိုပြု၍ ငလျင်လှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိရူပလေ့လာရေးဌာနက ဖော်ပြသည်။

**ဆင်ဟွာ။**

# ဗြိတိန်သတင်းထောက်ငါးဦးအား သေနတ်ဖြင့်ပစ်သတ်သည့် ဗီဒီယိုဖိုင် အိုင်အက်စ်တို့ ဖြန့်ဝေ

**လန်ဒန် ဇန်နဝါရီ ၄**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေး အိုင်အက်စ်စစ်သွေးကြွအဖွဲ့က ဗြိတိန်သတင်းထောက် ငါးဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့ပုံကို ပီပြင်စွာ ရိုက်ကူးထားသည့် ဗီဒီယိုဖိုင်တစ်ခုကို ၎င်းတို့က အွန်လိုင်းစာမျက်နှာများပေါ်တွင် ယနေ့ဖြန့်ဝေခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

အဆိုပါ ဗီဒီယိုဖိုင်တွင် အင်္ကျီနှင့် ဘောင်းဘီ တစ်ဆက်တည်းတွဲချုပ်ထားသည့် လိမ္မော်ရောင်ဝတ်စုံကို ဗြိတိန်သတင်းထောက်များအား ဝတ်ဆင်ပေးထားသည်ကို ပြသထားသည်။ ထို့ပြင် မျက်နှာဖုံးများစွပ်ထားကာ သေနတ်များ ကိုင်ဆောင်ထားသော စစ်သွေးကြွများက ၎င်းတို့၏ အနောက်တွင် မတ်တတ်ရပ်နေကြသည်ကိုလည်း ပြသထားသည်။

မျက်နှာဖုံးစွပ်ထားပြီး သေနတ်ကိုင်ဆောင်ထားသော စစ်သွေးကြွတစ်ဦးက ယင်းဗီဒီယိုဖိုင်ကို ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းအား ရည်ရွယ်ပြီးပေးပို့ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဗြိတိန်ပြည်သူများ၏ အသက်နှင့်စည်းစိမ်ကို ဗြိတိန်အစိုးရက ကာကွယ်စောင့်ရှောက်မှု အပြည့်အဝမပေးနိုင်ကြောင်း သိရှိစေရန် အဆိုပါဗီဒီယိုဖိုင်ကို ဖြန့်ဝေခြင်းဖြစ်သည်ဟု အင်္ဂလိပ်ဘာသာစကားဖြင့် ပြောကြားပြီးနောက် ၎င်းအရှေ့တွင် ဒူးထောက်နေသည့် ဗြိတိန်သတင်းထောက်တစ်ဦးကို သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။



ယင်းဗီဒီယိုဖိုင်သည် အစစ်အမှန်ဟုတ်၊မဟုတ်ဆိုသည်ကိုမူ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးဌာနက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ပါရီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဗြိတိန်အစိုးရက ဒီဇင်ဘာလကစပြီး ဆီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများ ပြင်းပြင်းထန်ထန် ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ် သီရိလင်္ကာသို့ ချစ်ကြည်ရေးခရီးသွားရောက်

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၄**

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်သည် သီရိလင်္ကာသမ္မတ မိုင်သီရိပါလာ သီရိသေနာ၏ဖိတ်ကြားချက်အရ သီရိလင်္ကာနိုင်ငံသို့ သုံးရက်ကြာ ချစ်ကြည်ရေးခရီးစဉ်ကို ဇန်နဝါရီ ၄ ရက်တွင် စတင်လိုက်ကြောင်း ပါကစ္စတန်နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် ရှရစ်ဖ်သည် သီရိလင်္ကာခရီးစဉ်အတွင်း သမ္မတ သီရိသေနာနှင့်တွေ့ဆုံကာ နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားသည်။ ငွေမည်းခဝါချခြင်းနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းတို့နှင့်ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ကို ပါကစ္စတန်နှင့် သီရိလင်္ကာအကြား လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း မြို့တော်ကိုလံဘိုရှိ ပါကစ္စတန်သံရုံးက ပြောကြားသည်။

ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကုန်သွယ်ရေး၊ စာရင်းအင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ နယ်ပယ်ကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးအတွက် သဘောတူညီချက်အများအပြားကိုလည်း လက်မှတ်ရေးထိုးရန် စီစဉ်ထားကြောင်း ပါကစ္စတန်သံတမန်များက ပြောကြားကြသည်။

ပါကစ္စတန်ဝန်ကြီးချုပ်သည် ဝန်ကြီးများ၊ ပါလီမန်အမတ်များ၊ အစိုးရအထက်တန်းတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် သံတမန်များအားတွေ့ဆုံဆွေးနွေးရာတွင် မိန့်ခွန်းပြောကြားရန်လည်း စီစဉ်ထားသည်။

ပါကစ္စတန်နှင့်သီရိလင်္ကာနိုင်ငံတို့သည် တောင်အာရှဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာအတ်)နှင့် ခနသဟာယအဖွဲ့တို့တွင် အဖွဲ့ဝင်နိုင်ငံများဖြစ်ကြပြီး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်လျက်ရှိကြကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

# အမေရိကန်နိုင်ငံတွင် ယမန်နှစ်အတွင်း သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၃၀၀၀ ကျော်ရှိ

**ဝါရှင်တန် ဇန်နဝါရီ ၄**

အမေရိကန်သမ္မတအိုဘားမားက သေနတ်ပစ်ခတ်မှုဖြစ်စဉ်များလျော့ကျစေရန် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော်လည်း အမေရိကန်နိုင်ငံတွင် လွန်ခဲ့သောနှစ်က ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုများကြောင့် သေဆုံးသူ ၁၃၀၀၀ ကျော်ရှိခဲ့ကြောင်း ဒေသန္တရသတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံတွင် သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သောအရေအတွက်မှာ ၁၃၂၈၆ ဦးရှိကြောင်း ဝါရှင်တန်အခြေစိုက် အစိုးရမဟုတ်သော သေနတ်ပစ်ခတ်မှုစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။ ယင်းအရေအတွက်သည် ယမန်နှစ်ကထက် ၇၁၁ ဦး သေဆုံးမှုပိုများခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့်ဇွန်လက တောင်ကာရိုလိုင်းနားပြည်နယ် အာဖရိကန်-အမေရိကန် ခရစ်ယာန်ဘုရားကျောင်းတစ်ခုတွင် လူဖြူလက်နက်ကိုင်တစ်ဦးက သေနတ်ဖြင့် ဦးတည်ရာမဲ့ ပစ်ခတ်ခဲ့ရာ လူကိုးဦး သေဆုံးသွားခဲ့သည်။ ပြီးခဲ့သည့်လက ကာလီဖိုးနီးယားပြည်နယ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးသေဆုံးခဲ့သည်။

နှစ်သစ်ရေဒီယိုမိန့်ခွန်းတွင် သမ္မတအိုဘားမားက သေနတ်ပစ်ခတ်မှုဖြစ်စဉ်များကို လျော့ကျသွားရန် ဆက်လက်ကြိုးပမ်းမည်ဟု ကတိပြုပြောကြားခဲ့သည်။

သမ္မတအိုဘားမားက ရှေ့နေချုပ် လိုရီတာ လေ့ချ်နှင့်တွေ့ဆုံပြီး နိုင်ငံအတွင်း သေနတ်ပစ်ခတ်မှုဖြစ်စဉ်များလျော့ကျရေးနှင့်ပတ်သတ်ပြီး ဆွေးနွေးတိုင်ပင်မည်ဖြစ်ကြောင်း ပြောသည်။

သို့သော် အမေရိကန်နိုင်ငံတစ်ဝန်းတွင် မိမိကိုယ်ကို ကာကွယ်ရန်ရည်ရွယ်ပြီး သေနတ်ဝယ်ယူမှုများ မြင့်တက်နေဆဲဖြစ်ကြောင်း မီဒီယာအချို့က ရေးသားဖော်ပြကြသည်။ **အင်န်အိတ်ချ်ကေ။**

# အီရန်နိုင်ငံနှင့်သံတမန်ဆက်ဆံရေး ဖြတ်တောက်လိုက်ပြီဟု ဆော်ဒီအာရေဗျကြေညာ

**ရီယာဒ် ဇန်နဝါရီ ၄**

အီရန်နိုင်ငံနှင့် သံတမန်ရေးဆက်ဆံမှုများကို ဖြတ်တောက်လိုက်ပြီဖြစ်ကြောင်း၊ အီရန်သံတမန်များအားလုံး ၄၈ နာရီအတွင်း ဆော်ဒီအာရေဗျနိုင်ငံမှ ထွက်ခွာ ရန်ညွှန်ကြားလိုက်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒီး အယ်လ်ဂျူဘီးက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံရှိ ဆော်ဒီသံရုံးကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မိမိအသိပေးတင်ပြခဲ့ကြောင်း၊ ဆော်ဒီသံတမန်များသည် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့သို့ လုံခြုံချောမွေ့စွာရောက်ရှိသွားပြီဖြစ်ကြောင်း ဆော်ဒီနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အီရန်နိုင်ငံ မြို့တော်တီဟီရန်ရှိ ဆော်ဒီသံရုံးနှင့် မာရှဟက်မြို့ရှိ ဆော်ဒီကောင်စစ်ဝန်ရုံးများ တိုက်ခိုက်ခံရခြင်းမရှိစေရေးအတွက် အီရန်အာဏာပိုင်များက တားဆီးကာကွယ်ရေးအစီအမံများ ချမှတ်လုပ်ဆောင်ခဲ့ခြင်းမရှိကြောင်း ၎င်းကပြစ်တင်ပြောကြားခဲ့သည်။

ဆော်ဒီသံရုံး တိုက်ခိုက်ခံရခြင်းသည် နိုင်ငံတကာသဘောတူညီချက်များပါ စည်းမျဉ်းများကို ချိုးဖောက်မှုဖြစ်ကြောင်း ဆော်ဒီဝန်ကြီးက ပြောကြားသည်။

**ဆင်ဟွာ။**

❖

# မြန်မာနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအား တရုတ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း မြန်မာနိုင်ငံတွင် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းခြင်း၊ ရွေးကောက်ပွဲကို အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ခြင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ငန်းစဉ်များ တိုးတက်မှုရရှိခဲ့ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ပြည်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ခြင်းများကို မြင်တွေ့ရသဖြင့် မိမိတို့အနေဖြင့် ဝမ်းမြောက်မိပါသည်။ မိမိတို့ နှစ်နိုင်ငံကြားရှိ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးသည် အစဉ်အမြဲ နက်ရှိုင်းစွာ တိုးတက်လျက်ရှိပါသည်။ လွန်ခဲ့သည့်နှစ်အတွင်း အဆွေတော်သမ္မတကြီးနှင့် မိမိတို့အကြား နှစ်ကြိမ်တွေ့ဆုံခွင့်ရရှိခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေမည့် အရေးကြီးသော သဘောတူညီချက်များရရှိခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်များသည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူများအတွက် ပိုမိုအကျိုးရှိစေမည်ဟု မိမိယုံကြည်ပါသည်။

အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် လီခချန်းက နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာတွင် ပြီးခဲ့သည့်နှစ်အတွင်း အဆွေတော်ဦးဆောင်သည့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိခဲ့ပြီး ပြည်သူလူထု၏ အကျိုးစီးပွားအတွက် ရွေးကောက်ပွဲကို သတ်မှတ်ထားသည့်အတိုင်း ချောမွေ့စွာ ကျင်းပနိုင်ခဲ့ခြင်းနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိခဲ့ပါသည်။ မိမိတို့နှစ်နိုင်ငံကြား ယုံကြည်မှုတိုးမြှင့်ရေး၊ ပူးပေါင်းဆောင်ရွက်မှုတိုးတက်ရေးနှင့် နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသော ဖွံ့ဖြိုးတိုးတက်မှုများရရှိရေးအတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် လက်တွဲကြိုးပမ်းသွားလိုပါကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ချ်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာစေရန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မြန်မာပြည်သူပြည်သားများ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။ မိမိတို့နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့သည် လာမည့်နှစ်များအတွင်း ဆက်လက်တိုးတက်ခိုင်မာလာမည်ဟု ယုံကြည်ပါသည်။

## စင်ကာပူသမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် စင်ကာပူသမ္မတနိုင်ငံ၏ ပြည်သူများကိုယ်စား ကျွန်ုပ်အနေဖြင့် အဆွေတော်နှင့် မြန်မာနိုင်ငံပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စင်ကာပူသမ္မတနိုင်ငံ သမ္မတ တိုနီတန်ကင်ယမ်းက နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာပေးပို့သည်။

အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကို ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြင့် ထင်ရှားသော သမိုင်းမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံတို့ကြား သံတမန်ဆက်သွယ်မှု နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပွဲ ဆင်နွှဲကြမည်ဖြစ်ပါသည်။ အဆွေတော်၏ လမ်းညွှန်စီမံမှုအောက်တွင် ဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး အခြေခံအုတ်မြစ်သည် လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာမည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ စင်ကာပူဝန်ကြီးချုပ် လီရှန်လုံးက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းများ စွမ်းရည်မြှင့်တင်ရေးတွင် အကူအညီများ ဆက်လက်ပေးအပ်သွားရန် ကတိပြုလျက် စင်ကာပူ-မြန်မာ နည်းပညာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ၂၀၁၈ ခုနှစ်အထိ နောက်ထပ် သုံးနှစ်ထပ်မံတိုးမြှင့်ခဲ့ပါသည်။ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေမည့် အခွင့်အလမ်းသစ်များကို ရှာဖွေဖော်ထုတ်သွားရန် အဆင်သင့်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယအတွက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ကျိုးသန်စန်းက ဗီယက်နမ်အစိုးရနှင့် ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်သမ္မတကြီး ဦးသိန်းစိန်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာနှင့် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုအပေါ် ဗီယက်နမ်နိုင်ငံအနေဖြင့် ချီးကျူးဂုဏ်ပြုအပ်ပါသည်။ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆက်လက်အောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ ဆတက်ထမ်းပိုးပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သပါသည်။ ၂၀၁၅ ခုနှစ်တွင် မိမိတို့နှစ်နိုင်ငံ၏ သံတမန်ဆက်သွယ်မှု နှစ် (၄၀)ပြည့် အထိမ်းအမှတ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး လာမည့်နှစ်များအတွင်း မိမိတို့နှစ်နိုင်ငံကြား ခိုင်မြဲသော ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများသည် ဆက်လက်တိုးတက်လာမည်ဟု ယုံကြည်ပါသည်။ ကျွန်ုပ်တို့နှစ်နိုင်ငံကြား ကောင်းမွန်သော ဆက်ဆံရေးသည် နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့၏ ဘုံမျှော်မှန်းချက်များ၊ ကြိုးပမ်းအားထုတ်မှုများနှင့်အတူ ဒေသတွင်းနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့အတွက် ဆက်လက်တိုးတက်စေမည်ဖြစ်ကြောင်း ခိုင်မာစွာယုံကြည်ပါသည်။

အလားတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဇွန်းကလည်း မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

# အယ်လ်နီညိုကြောင့် ယခုနှစ် ခြောက်လအတွင်း ရေရှားမှုနှင့်အတူ အပူဆုံးဖြစ်လာမည်ဟု မိုးလေဝသပညာရှင် ဦးထွန်းလွင်ခန့်မှန်း



**ရန်ကုန် ဇန်နဝါရီ ၄**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံ၌ ယခုနှစ် ပထမ ခြောက်လအတွင်း အပူဆုံးဖြစ်လာနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သုံးသပ်ပြောကြားလိုက်သည်။

“အယ်လ်နီညိုနဲ့ပတ်သက်ပြီး ၂၀၀၃ ခုနှစ်မှာ သုတေသနလုပ်ငန်းအတွက် စာတမ်းရေးခဲ့တယ်။ လေ့လာချက်တွေအရ ထိခိုက်မှုက ၂၀၁၅ ထက် ၂၀၁၆ က ပိုဆိုးမယ်။ ရေရှားမှု၊ အပူချိန်လွန်ကဲမှုဖြစ်စဉ်တွေ ဖြစ်မယ်”ဟု ဦးထွန်းလွင်က ပြောသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် အနည်းဆုံး ၁၂ လမှ အများဆုံး ၁၈ လထိ ကြာမြင့်ကြောင်း၊ ၁၂ လကြာဖြစ်စဉ်တွင် ရှေ့နှစ် ဒုတိယ ခြောက်လနှင့် နောက်နှစ် ပထမ ခြောက်လ ထိခိုက်မှုများရှိနိုင်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဇန်နဝါရီလမှ ဇွန်လအထိ အယ်လ်နီညိုထိခိုက်မှုရှိနိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာပေါ်တွင် ကျောက်မီးသွေးသုံးစွဲမှုနှင့် သစ်တောပြုန်းတီးမှုများကြောင့် ဓာတ်ငွေ့ထုတ်လွှင့်မှုများလာပြီး ဖန်လုံအိမ်ဓာတ်ငွေ့တိုးလာကာ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ ဖြစ်ပွားလာကြောင်း သိရသည်။

“ရာသီဥတုတွေက ပြောင်းလဲနေပြီ။ ပြောင်းလဲတဲ့အထဲမှာ မြန်မာနိုင်ငံလည်းပါတယ်။ ရာသီဥတုပြောင်းလဲမှု ဒဏ်ခံရတဲ့ ကမ္ဘာ့အဆိုးဆုံး နိုင်ငံများစာရင်းကို နှစ်စဉ်ပြုစုတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ အတွင်း ရာသီဥတုဒဏ် အဆိုးရွားဆုံးခံရတဲ့ နိုင်ငံတွေထဲမှာ ကမ္ဘာမှာ မြန်မာက ဒုတိယအဆိုးဆုံးနိုင်ငံ ဖြစ်နေခဲ့တာ။ အဲဒါဘာလဲဆိုရင် သစ်တောပြုန်းတာပါပဲ။ ကမ္ဘာမှာ မြန်မာက သစ်တောပြုန်းတီးမှုမှာ တတိယ အဆိုးဆုံးနိုင်ငံဖြစ်နေတယ်”ဟု ၎င်းက ပြောသည်။

ကုလသမဂ္ဂမှ ၂၀၁၅ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ကို ကမ္ဘာ့မြေနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ကမ္ဘာပေါ်တွင် ကျောက်မီးသွေး သုံးစွဲခြင်းကို လုံးဝရပ်တန့်ပစ်ရန်နှင့် ကျောက်မီးသွေးအစား အခြားသော ပြန်လည်ဖြည့်စွမ်းနိုင်သည့် စွမ်းအင်များကို ပိုမိုသုံးစွဲရန်နှင့် လိုအပ်သည့် ဘဏ္ဍာငွေ ပြဋ္ဌာန်းသတ်မှတ်ပြီး အသုံးပြုရန် တိုက်တွန်းထားကြောင်း သိရသည်။

“ကျွန်တော်တို့နိုင်ငံမှာတော့ ကျောက်မီးသွေးကို အခုမှ အရှိန်အဟုန်နဲ့ လုပ်မယ့်သဘောတွေ ပြနေပါတယ်။ အဲဒါက ပြန်လည်စိစစ်သင့်တဲ့ကိစ္စတစ်ခုပါ။ ကမ္ဘာသွားတဲ့လမ်းနဲ့ ကျွန်တော်တို့ သွားတဲ့လမ်းက ဆန့်ကျင်ဘက်ဖြစ်နေတယ်။ အဲဒီအချက်က အရေးကြီးပါတယ်”ဟု ဦးထွန်းလွင်က ဆိုသည်။

အမေရိကန်နိုင်ငံ Notre Dame University မှ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်မှုနှင့်ပတ်သက်ပြီး အချက်နှစ်ချက်ခွဲပြီး ကမ္ဘာ့နိုင်ငံ ၁၈၄ နိုင်ငံကို တစ်နိုင်ငံချင်း အလိုက် လေ့လာကာ အမှတ်ပေးစနစ်နှင့် အဆင့်ခွဲပြီး တန်းစီဇယားဆွဲခဲ့သည်။

အဆိုပါအချက်နှစ်ချက်တွင် နံပါတ်(၁) သဘာဝအရ အရှိအတိုင်းဖြစ်နေသည့် ရာသီဥတု၏ ထိခိုက်မှုနှင့် ဒုတိယအချက်တွင် လူများ၏ဆောင်ရွက်မှုဟု နှစ်ပိုင်းခွဲထားသည်။

သဘာဝအရ ထိခိုက်မှုအလားအလာ တန်းစီဇယားနိုင်ငံပေါင်း ၁၈၄ နိုင်ငံတွင် မြန်မာနိုင်ငံက ၁၃၁ ရှိနေပြီး မြန်မာနိုင်ငံအောက်တွင် နိုင်ငံပေါင်း ၅၀ ရှိကြောင်း လူနှင့်ပတ်သက်သည့်အပိုင်းတွင် မြန်မာနိုင်ငံက ၁၈၄ နိုင်ငံတွင် ၁၇၉ ရောက်ရှိသွားပြီး အဆိုးဆုံး ၁၀ နိုင်ငံတွင် ပါဝင်ကြောင်း သိရသည်။

“သစ်တောပြုန်းတာအတွက် သစ်ပင်တွေ ပြန်စိုက်ရမယ်။ ခက်တာက သစ်တစ်ပင်ခုတ်ပြီး ပြန်စိုက်လိုက်လို့ အရင်တုန်းကအတိုင်း အကျိုးကျေးဇူးက ပြန်ရတယ်လို့ ပြောလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ခုတ်လိုက်တဲ့ သစ်ပင်ထဲမှာ ဂေဟစနစ်က ပါသွားတယ်။ သစ်ပင်စိုက်ရင် ခုတ်လိုက်တဲ့သစ်ပင် ပြန်ရဖို့အတွက် နှစ်ပေါင်းများစွာ စောင့်ရမှာ။ ချက်ချင်းလုပ်လို့ အကျိုးကတော့ ပြန်မရနိုင်ဘူး။ မလုပ်မဖြစ် အချိန်ယူလုပ်ရမယ့် လုပ်ငန်းတွေဖြစ်နေတယ်”။

“ဒီနိုင်ငံမှာ အလိုအပ်ဆုံး နံပါတ်တစ်ဦးစားပေးက အသိပညာပဲ။ ဒီလို လိုအပ်တဲ့နိုင်ငံတွေလည်း ကမ္ဘာမှာ အများကြီးရှိတယ်”ဟု ဦးထွန်းလွင်ကပြောသည်။

နိုင်ငံတကာမှ နှစ်စဉ်နှစ်တိုင်း အရေးကြီးဆုံး မီးမောင်းထိုးပြရမည့် အကြောင်းအရာကို ရွေးချယ်ပြီး ဆောင်ပုဒ်အဖြစ် ကမ္ဘာ့မိုးလေဝသနေ့ကို ကျင်းပလေ့ရှိရာ ၂၀၁၅ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့မိုးလေဝသနေ့တွင် “ရာသီဥတုလုပ်ငန်းများအတွက် ရာသီဥတုအသိပညာ အရေးကြီးဆုံး” အကြောင်းအရာဖြင့် ကျင်းပခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၁၉၉၇-၁၉၉၈ ခုနှစ်၌ အယ်လ်နီညို ကျရောက်ခဲ့စဉ်က အပူဆုံးနှစ်ဖြစ်ခဲ့ကာ အပူဆုံးစံချိန်တင်ခဲ့သည့် မြို့ပေါင်း ၅၀ ခန့်နှင့် မိုးရေချိန် အနည်းဆုံးစံချိန်တင်ခဲ့သည့် မြို့ပေါင်း ၅၀ခန့်ရှိခဲ့ကြောင်း မိုးလေဝသမှတ်တမ်းများအရ သိရသည်။**သတင်း-မင်းသစ်၊ ဓာတ်ပုံ-အေးမင်းစိုး**

# ဆေးပညာသတင်းဆန်းများ(၁၂၀)

**ဒေါက်တာ ကံညွန့်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ ခွဲစိတ်ကုပညာနဲ့ ဆိုင်ပါတယ်။ ကမ္ဘာမှာ အကျယ်ပြန့်ဆုံးမျက်နှာခွဲစိတ်ပြုပြင်မှုကို အမေရိကန်နိုင်ငံ နယူးယောက်က ဆေးရုံကြီးတစ်ခုမှာ ယခုနှစ်ဩဂုတ်လက ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ခွဲစိတ်ခံရသူကတော့ အသက် (၄၂) နှစ်အရွယ် မစ္စစ္စပီပြည်နယ်က အပျော်တမ်းမီးသတ်သမားတစ်ဦးဖြစ်ပြီး သူ့နာမည်ကတော့ Patrick Hardison ဆိုသူဖြစ်ပါတယ်။ သူဟာ ၂၀၀၁ ခုနှစ်က သူတို့နေရပ်က အိမ်တစ်အိမ်မီးလောင်ကျွမ်းတာကို ငြိမ်းသတ်ရင်း မျက်နှာမှာ မီးလောင်ကျွမ်းခဲ့တာဖြစ်ပါတယ်။

သူ့ကို မျက်နှာလှူဒါန်းသူကတော့ စက်ဘီးအားကစားသမား အသက် (၂၆) နှစ်အရွယ် David Rode-baugh ဆိုသူဖြစ်ပြီး သူဟာ စက်ဘီးစီးရင်း ထိခိုက်ဒဏ်ရာကြောင့် ဦးခေါင်းဒဏ်ရာရကာ ဦးနှောက်သေသွားခဲ့သူတစ်ဦးဖြစ်ပါတယ်။ ဒီခွဲစိတ်မှုကို နယူးယောက်တက္ကသိုလ် Langone Medical Centre မှာဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီခွဲစိတ်မှုဟာ စုစုပေါင်း ၂၆ နာရီကြာမြင့်ခဲ့ပြီး ဆရာဝန်ပေါင်း ၁၅၀ ပါဝင်ခဲ့ပါတယ်။

အရေးကြီးတဲ့ အစိတ်အပိုင်းတွေဖြစ်တဲ့ မျက်စိ၊ မျက်ခမ်း၊ နား၊ နှာခေါင်း၊ မေးရိုးနှင့် ပါးနှစ်ဖက်ပါဝင်ပြီး အရိုး၊ ကြွက်သား၊ အရေပြား၊ ဦးရေပြား၊ သွေးကြော၊ အာရုံကြောတို့ကို အစားထိုးခဲ့ ရတယ်လို့ဆိုပါတယ်။ ဒီခွဲစိတ်မှုမှာ ကုန်ကျစရိတ်ကို နယူးယောက်တက္ကသိုလ်ကခံပြီး အမေရိကန်ဒေါ်လာ တစ်သန်းခန့်ရှိတယ်လို့ဆိုပါတယ်။ ဒီခွဲစိတ်မှု မခံယူခင်က သူ့ဖခင်မျက်နှာဟာ ကြောက်စရာကောင်းလို့ မကြည့်ရဲဖြစ်ခဲ့တဲ့ သူ့သားနှစ်ယောက်ဟာလည်း ပီတိဖြစ်နေကြပြီး မျက်နှာလှူဒါန်းသူ စက်ဘီးသမားရဲ့ မိခင်ကလည်း သူ့သားသေဆုံးရမှုကို ဝမ်းနည်းမှုမဖြစ်တော့ကြောင်း တင်ပြလိုက်ရပါတယ်။

ယခင်ဆေးပညာသတင်းဆန်းတစ်ခုမှာ အိပ်နေစဉ်ဟောက်တာကို ကာကွယ်ကုသဖို့ ကိရိယာတစ်ခုတီထွင်ထားပြီဆိုတာဖော်ပြခဲ့ပါတယ်။ ယခုတစ်ခါ ဘရာဇီးနိုင်ငံက ဆေးပညာရှင်တစ်စု တွေ့ရှိခဲ့တဲ့ ဟောက်တာကို လေ့ကျင့်ခန်းလုပ်ပြီး ကာကွယ်ကုသနိုင်တဲ့ နည်းတစ်ခုကိုလည်း တင်ပြပါရစေ။ ဒီနည်းကတော့ လူတိုင်းလိုက်နာ ကျင့်သုံးနိုင်တဲ့နည်း ဖြစ်ပါတယ်။ ဟောက်တာကိုကာကွယ်ဖို့ ပါးစပ်ကိုဟပြီး 'အေ'ဆိုတဲ့ အသံထွက်အောင် လုပ်မယ်။ ဒီလိုပဲတစ်ခါလုပ်ရင် ခုနစ်မိနစ်၊ တစ်နေ့မှာ သုံးကြိမ်လုပ်ပေးရပါမယ်။ ဒီလေ့ကျင့်ခန်းကို နေ့စဉ်သုံးလတိတိ ဆက်လုပ်ပေးပါက ၃၆ ရာခိုင်နှုန်းက ဟောက်တာလုံးဝပျောက်ကင်းသွားနိုင်ပြီး ၅၉ ရာခိုင်နှုန်းကတော့ ဟောက်သံလျော့သွားစေနိုင်တယ်လို့ ဆိုပါတယ်။ အန္တရာယ်လည်းမရှိ၊ ငွေကုန်ကြေးကျလည်းမရှိ၊ အလုပ်လုပ်ရင်းလည်း ပြုလုပ်နိုင်တဲ့ လေ့ကျင့်ခန်းမို့ စမ်းသပ်ကြည့်နိုင်အောင် တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ ဆေးယဉ်ပါးမှုနဲ့ပတ်သက်ပြီး အရေးကြီးတဲ့သတင်းတစ်ပုဒ်ပါ။ ဒီသတင်းကတော့ တရုတ်နိုင်ငံကလာတဲ့သတင်းပါ။ ရောဂါဖြစ်စေတဲ့ ဗက်တီးရီးယားတွေကို အသွင်ပြောင်းအောင်လုပ်နိုင်တဲ့ Gene တစ်မျိုးကို တရုတ်နိုင်ငံတောင်ပိုင်းက စိုက်ခင်းတွေက လူတွေနဲ့ ဝက်အချို့မှာ တွေ့ရတယ်လို့ဆိုပါတယ်။ သူတို့အခေါ်အရ mcr-1 ခေါ်တဲ့ Mobile DNA တစ်မျိုးကိုတွေ့ရတာဖြစ်ပြီး ဒီ Gene ဟာ ဗက်တီးရီးယားအမျိုးမျိုးကို အသွင်ကွဲသွားအောင်ပြုလုပ်နိုင်ပြီး ဆေးယဉ်ပါးမှုကိုဖြစ်ပေါ်စေနိုင်တာကြောင့် အထူးသတိထားဖို့လိုတယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို South China Agri Cultural University က သုတေသီတွေ တွေ့ရှိခဲ့တာဖြစ်ပြီး ဗြိတိန်နိုင်ငံထုတ် Lancet lnfectious Diseases Journal မှာ ဖော်ပြထားတာပါ။ ဒါဟာ ၂၀၁၀ ခုနှစ်က တွေ့ရှိခဲ့တဲ့ Superbug NDM-1 လို့ အမည်ပေးထားတဲ့ Gene မျိုးလိုပဲ ပြန့်ပွားမှုမြန်ဆန်တဲ့ Gene မျိုးဖြစ်တယ်လို့လည်း ဆိုထားပါတယ်။ ယခုတွေ့ရှိတဲ့ Gene နဲ့ ပတ်သက်ပြီး တိရစ္ဆာန်အစားအစာတွေမှာရော လူတွေအတွက် ဆေးညွှန်းတဲ့အခါမှာပါ Polymyxin ဆေးကို မလိုအပ်ဘဲ မညွှန်ကြဖို့ကိုလည်း သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

နောက်ဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ တောင်ကိုရီးယားနိုင်ငံက ဆေးပညာရှင်တွေ လေ့လာထားတဲ့ တွေ့ရှိချက်တစ်ခုပါ။ ဒါကတော့ တစ်နေ့မှာ အနည်းဆုံး ခြောက်နာရီ အိပ်ပျော်အောင် မအိပ်နိုင်သူဟာ Metabolic Syndrome ခေါ်တဲ့ သွေးတိုး၊ ဆီးချိုနှလုံးရောဂါတို့ပါဝင်တဲ့ ရောဂါစုတစ်ခုကို အိပ်ပျော်သူတွေထက် ပိုမိုခံစားရဖွယ် ရှိတယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကို ပြုလုပ်ခဲ့သူတွေကတော့ တောင်ကိုရီးယားနိုင်ငံ Yonsei တက္ကသိုလ်က Dr Jang Young Kim ခေါင်းဆောင်တဲ့ ဆေးပညာရှင်တစ်စုဖြစ်ပါတယ်။

သူတို့ဟာ အသက် ၆၀ ကျော်အရွယ် အမျိုးသားနှင့် အမျိုးသမီးပေါင်း ၂၆၀၀ ကို ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့ တွေ့ရှိချက်အရ တစ်နေ့မှာ အနည်းဆုံးခြောက်နာရီ နှစ်ခြိုက်စွာ အိပ်မပျော်သူတွေဟာ အိပ်ပျော်သူတွေထက် ၄၁ ရာခိုင်နှုန်း Metabolic Syndrom ဖြစ်ဖို့ပိုများနိုင်တယ်လို့ဆိုပါတယ်။ Metabolic Syndrome ရောဂါစုအတွင်း သွေးထဲမှာ သကြားဓာတ်ပိုခြင်း၊ အဆီဓာတ်ပိုခြင်း၊ သွေးတိုးရောဂါရှိခြင်းနှင့် အဝလွန်ခြင်းတို့ပါဝင်ကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အံ့ဩစရာနဲ့ ဝမ်းသာစရာသတင်းပါ။ ဒါကတော့ ကျွန်တော်တို့ နေ့တိုင်းလိုလို စားသုံးနေကြတဲ့ ငှက်ပျောသီးမှာ Virus ပိုးကို သေစေနိုင်တဲ့ အာနိသင်ရှိတဲ့ ဓာတ်တစ်မျိုးကို တွေ့ရှိရတယ်ဆိုတဲ့သတင်းပါ။ ဒါကို Cell ခေါ် US Journal မှာ ဖော်ပြထားတာပါ။ ဒီတွေ့ရှိချက်ကို ပြုလုပ်ခဲ့ကြသူတွေကတော့ ဂျာမနီ၊ အိုင်ယာလန်၊ ဘယ်လ်ဂျီယံနှင့် အမေရိကန်နိုင်ငံတွေက သိပ္ပံပညာရှင်တွေပဲဖြစ်ပါတယ်။ သူတို့အဆိုအရ ငှက်ပျောသီးမှာပါတဲ့ Banana Lectin ခေါ်တဲ့ Protein (Banien သို့မဟုတ် H84T) ဟာ AIDS ဖြစ်စေတဲ့ Virus,Hepatitice Virus နှင့် တုပ်ကွေး Ful Virus တို့ အပါအဝင် Virus အတော်များများကို သေစေနိုင်တယ်လို့ ဆိုပါတယ်။

ဒီတွေ့ရှိချက်ဟာ လွန်ခဲ့တဲ့ငါးနှစ်ခန့်က သိပ္ပံပညာရှင်တွေ တွေ့ရှိခဲ့တဲ့ Protein တစ်မျိုးဟာ AIDS ဖြစ်စေတဲ့ Virus ရဲ့မျက်နှာပြင်က Sugar ကို ပေါင်းစပ်လိုက်တာနဲ့ ဒီ Virus ဟာ သွေးထဲကို မဝင်နိုင်ဖြစ်သွားတဲ့ တွေ့ရှိမှုနဲ့လည်း တိုက်ဆိုင်နေတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီ Protein Banlec ကနေပြီး ဗက်တီးရီးယားပိုးအများစု ကို သေစေနိုင်တဲ့ Broad Spectrum Antibiotics လိုမျိုး Virus အများစုကို သေစေနိုင်တဲ့ Brodspectrum က Anti Viral ဆေးတစ်ခုကို တီထွင်နိုင်ဖို့ မျှော်လင့်ထားကြောင်း တင်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့သတင်းကတော့ အမေရိကန်အစိုးရရဲ့ ကမ္ဘာ့လူသားများအပေါ် စာနာထောက်ထားပြီး ပြုလုပ်နေတဲ့ အစီအစဉ်တစ်ခုအကြောင်းပါ။ အမေရိကန် သမ္မတအိုဘားမားဟာ ၂၀၀၉ ခုနှစ်ကပဲ ကမ္ဘာ့ဆင်းရဲတဲ့ နိုင်ငံတွေက အာဟာရချို့တဲ့ပြတ်လပ်နေတဲ့ ကလေးသူငယ်တွေအတွက် အစီအစဉ်တစ်ခု စတင်ချမှတ်ခဲ့ပါတယ်။ ဒီအစီအစဉ်ကို Save the Future လို့အမည်ပေးထားပြီး US AID အဖွဲ့ကြီးက ကြီးမှူးဆောင်ရွက်ပါတယ်။ ဒီအစီအစဉ်မှာ ပရဟိတလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ အဖွဲ့ ၁၀ ဖွဲ့နဲ့ လူပုဂ္ဂိုလ်တစ်ချို့လည်း ပါဝင်ကူညီဆောင်ရွက်ခဲ့ကြပါတယ်။

ဒီအဖွဲ့ကြီးဟာ ဆင်းရဲမှုအများဆုံးနိုင်ငံတွေဖြစ်တဲ့ အီသီယိုးပီးယား၊ ဂါနာ၊ ကင်ညာ၊ ဟွန်ဒူးရပ်စ်နိုင်ငံနဲ့ အာရှက ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ နီပေါစတဲ့ နိုင်ငံ ၂၀ ကျော်မှာ စားနပ်ရိက္ခာ၊ ငွေကြေးနဲ့ နည်းပညာတွေကို အကူအညီပေးခဲ့ကြပါတယ်။ ဒီလိုပေးခဲ့ကြတာမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် နည်းပညာ၊ ဓာတ်မြေဩဇာအထွက်ကောင်းဆန်စပါးမျိုးစေ့ စတာတွေလည်း ပါဝင်ပါတယ်။ ဒီလိုပေးခဲ့ကြလို့ ယင်းနိုင်ငံတွေက အိမ်ထောင်စု ၁၉ သန်းကို ဆင်းရဲတွင်းက ကယ်တင်နိုင်ခဲ့ပြီး အာဟာရချို့တဲ့နေတဲ့ ကလေးသူငယ်ပေါင်း ၁၂ သန်းရဲ့ အသက်ကိုလည်း ကယ်တင်နိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ဖော်ပြခဲ့တဲ့ နိုင်ငံတွေရဲ့ ဆင်းရဲမွဲတေမှုကိုလည်း ၁၄ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့တယ်လို့ဆိုပါတယ်။ ကလေးငယ် ၁၂ သန်းရဲ့ ကျန်းမာရေးအထောက်အကူပြုကယ်တင်နိုင်တဲ့ အမေရိကန်နိုင်ငံရဲ့ Save the Future အစီအစဉ်ကို တစေ့တစောင်း သိနိုင်အောင် တင်ပြလိုက်ရတာဖြစ်ပါတယ်။ ။

**ဟောက်တာကိုကာကွယ်ဖို့ ပါးစပ်ကိုဟပြီး "အေ"ဆိုတဲ့ အသံထွက်အောင်လုပ်မယ်။ ဒီလိုပဲ တစ်ခါလုပ်ရင်ခုနစ်မိနစ်၊ တစ်နေ့မှာ သုံးကြိမ်လုပ်ပေးရပါမယ်။ ဒီလေ့ကျင့်ခန်းကို နေ့စဉ်သုံးလတိတိ ဆက်လုပ်ပေးပါက ၃၆ ရာခိုင်နှုန်းက ဟောက်တာလုံးဝပျောက်ကင်းသွားနိုင်ပြီး ၅၉ ရာခိုင်နှုန်းကတော့ ဟောက်သံလျော့သွားစေနိုင်။**

## ကော့သောင်း၌ စံပြမိခင်နှင့် ကလေးပြိုင်ပွဲကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၄**

ကော့သောင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးပြုလုပ်သည့် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ်အဖြစ် စံပြမိခင်နှင့်ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ပေါ်ရပ်ကွက်များမှ စံပြမိခင်များ၊ မွေးကင်းစမှ ခြောက်လအရွယ် ကလေးငယ်များ၊ ခြောက်လမှ တစ်နှစ်၊ တစ်နှစ်မှ နှစ်နှစ်နှင့် အမြွှာကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြရာ ကျန်းမာရေးဦးစီးဌာနမှ ကလေးအထူးကုဆရာဝန်ကြီးများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက စိစစ်အကဲဖြတ်အမှတ်ပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာနေလင်းက မိခင်နှင့်ကလေးငယ်များ ကျန်းမာရေးအသိပညာပေးပြောကြားပြီး ဆုရစံပြမိခင်၊ အသက်အပိုင်းအခြားအလိုက် ဆုရရှိသည့်ကလေးငယ်များ၊ အမြွှာကလေးငယ်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဆွေရည်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မင်းမင်းစိုးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဆင်ခြေထောက်ရောဂါကင်းဝေးရေး အသိပေးရှင်းလင်း

**မြဝတီ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံး ဆေးတိုက်ကျွေးခြင်းလုပ်ငန်းအား အသိပညာပေး ဆွေးနွေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်မြင့်က ယခုနှစ်၏ ဆင်ခြေထောက်ရောဂါကင်းဝေးရေး လူအားလုံးဆေးတိုက်ကျွေးခြင်းလုပ်ငန်းအကြောင်းနှင့် ဆင်ခြေထောက်ရောဂါ၏ ရောဂါလက္ခဏာများ၊ ဆေးမသောက်သင့်သူများ၊ ဆေးသောက်ပြီး ဖြစ်တတ်သည့်လက္ခဏာများ၊ ဆေးသောက်ခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

မြဝတီမြို့နယ်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်တွင် အမှတ်(၁) ရပ်ကွက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက်တွင် အမှတ်(၂) ရပ်ကွက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၂ နှင့် ၁၃ ရက်တို့တွင် အမှတ်(၃) ရပ်ကွက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၄ နှင့် ၁၅ ရက်တို့တွင် အမှတ်(၄)ရပ်ကွက်တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၆ နှင့် ၁၇ ရက်တို့တွင် အမှတ်(၅)ရပ်ကွက်တွင် လည်းကောင်း ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော် ကျင်းပ

**မြဝတီ ဇန်နဝါရီ ၄**

ကရင်ပြည်နယ် မြဝတီမြို့ မြစန္ဒီပန်းခြံကျောက်တိုင်ကွင်းတွင် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီက ကျင်းပသည်။

ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်တို့က (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲမုခ်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါပြခန်းများနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၅ ရက်အထိ ဖွင့်လှစ်ပြသရောင်းချသွားမည်ဖြစ်ကြောင်း၊ ပဒေသာကပွဲများ၊ စတိတ်ရှိုးများဖြင့် ညစဉ် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များချီးမြှင့် အပ်နှင်းခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

"ငြိမ်းချမ်းရေးကို တည်ဆောက်လိုလျှင် စစ်ရေးအကြောင်း ဦးစွာသဘောပေါက်အောင်လုပ်ပါ" ဆိုသည့် ဆိုရိုးစကား တစ်ရပ်ရှိကြောင်း၊ လက်နက်ကိုင် ပဋိပက္ခများကို ငြိမ်းချမ်းအောင်ဆောင်ရွက်ရာတွင် စစ်ရေးဆိုင်ရာ ရင်ဆိုင်ရမှုများရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ယင်းရင်ဆိုင်ရမှုများမှာ မိမိတို့တပ်မတော်က စစ်ကိုလိုလားသောကြောင့် ဖြစ်နေခြင်းမဟုတ်သည်ကို ဖြစ်စဉ်ဖြစ်ရပ်များအား အစွဲကင်းကင်းဖြင့် ဂယနဏ လေ့လာကြည့်လျှင် တွေ့နိုင်ကြောင်း၊ လွတ်လပ်ရေးရပြီးကတည်းက ယနေ့တိုင်အောင် မိမိတို့ရဲဘော်ရဲဘက်များ၏ အသက်၊ ခန္ဓာ၊ သွေးများစွာပေးဆပ်နေရကြောင်း။

ယနေ့ မိမိတို့တိုက်ပွဲဝင်နေရခြင်းများသည် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အတွက် တရားသောစစ်သာ ဖြစ်သည်ဆိုသည်ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် အပါအဝင် ရဲဘော်ရဲဘက်များအားလုံးက မှန်သောသစ္စာဆိုဝံ့ကြောင်း၊ အမိနိုင်ငံတော်၏ မြေပြင်၊ ဝေဟင်၊ ရေပြင် ရေအောက်ပိုင်နက် နယ်မြေများ၊ အမိနိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးစီးပွား၊ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများကို ကာကွယ်စောင့်ရှောက်ကြရမည့် တာဝန်ဝတ္တရားများမှာ နိုင်ငံသားတိုင်း၏ မွေးရာပါ အမျိုးသားနိုင်ငံရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပသော တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ စစ်သည်များနှင့် အမွေခံများသို့ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များ ချီးမြှင့် အပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကား ပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူမင်းအောင်လှိုင်၏ ဇနီးဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ် လက်ခံရယူကြမည့် အရာရှိ စစ်သည်များနှင့် အမွေခံများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သရေစည်သူ မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသည် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်များ ဖွဲ့စည်းထူထောင်ပြီး




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်နှင့် လက်မှတ်များရရှိခဲ့သည့် အရာရှိ စစ်သည်များ၊ အမွေခံများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။(မြဝတီ)**

နိုင်ငံကာကွယ်ရေး တာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း၊ ယင်းတပ်မတော်များသည် စတင်ပေါ်ပေါက်လာရသည့် အကြောင်းအရင်း၊ တည်ထောင်ရခြင်း၏ မူလရည်ရွယ်ချက်၊ ဖွဲ့စည်းထူထောင်ရာတွင် အမာခံ၊ အမြုတေ အဖြစ်ပါဝင်ခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများစသည် တို့အပေါ်မူတည်ပြီး ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိကြကြောင်း၊ မြန်မာ့တပ်မတော်အနေဖြင့် ပိုမိုထူးခြားပြောင်မြောက်သည့် နိုင်ငံတော်၏ တိုင်းပြည်တည်ဆောက်ရေး (National Building)၊ နိုင်ငံတည်ဆောက်ရေး(State Building)သမိုင်းများနှင့် ခွဲခြား၍မရအောင် ယှဉ်တွဲနေသည့် သမိုင်းဆိုင်ရာ ဝိသေသလက္ခဏာများ၊ ခေတ်သစ် အမျိုးသားနိုင်ငံရေး အခန်းကဏ္ဍတွင် ဦးဆောင်ပါဝင်နေဆဲဖြစ်သည့် ပစ္စုပ္ပန်ဆိုင်ရာ ဝိသေသလက္ခဏာများဖြင့် ပြည့်စုံနေသည့်တပ်မတော်ဖြစ်ကြောင်း။

မိမိတို့တပ်မတော်ကို ဆုံးရှုံးခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန် မျိုးချစ်လူငယ်များဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ မည်သည့်ရပိုင်ခွင့်၊ ခံစားပိုင်ခွင့်ကိုမှ မျှော်လင့်၍မရနိုင်သည့် အခြေအနေတွင် တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးချစ်စိတ်များဖြင့် အရင်းခံ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်က ပြည်သူများ၏ ပြင်းပြသည့်ဆန္ဒ လိုလားချက်ဖြစ်သော "လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ"ဆိုသည့် အမျိုးသားရေးလိုအပ်ချက်ကို တပ်မတော်က ဦးဆောင်အကောင်အထည်ဖော်ဖြည့်ဆည်းပေးခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်တွင် ရွေးချယ်ကျင့်သုံးခဲ့သည့် ပါလီမန်ဒီမိုကရေစီစနစ်မှ တိုင်းရင်းသားပြည်သူလူထု လိုလားသည့် ဆိုရှယ်လစ်စနစ်ကို ပြောင်းလဲဖော်ဆောင်ရာတွင်လည်း တပ်မတော်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ မျက်မှောက်ကာလ တိုင်းရင်းသားပြည်သူများ၏ ဆန္ဒဖြစ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ပြောင်းလဲလျှောက်လှမ်းနိုင်ရန်အတွက်လည်း တပ်မတော်ကပင် ဦးဆောင် အသွင်ကူးပြောင်းပေးခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူများ၏ လိုလားချက်မှန်သမျှကို ခေတ်အဆက်ဆက် အလေးထားဖြည့်ဆည်းပေးခဲ့ကြောင်း၊ မိမိတို့တပ်မတော်သားများသည် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးတာဝန်များကို စွန့်လွှတ်အနစ်နာခံမှုများဖြင့် ထမ်းဆောင်ခဲ့ကြောင်း၊ သာမန်ထက်သာလွန်သည့်စွမ်းရည် သတ္တိများကို ပြသခဲ့ကြောင်း၊ စွမ်းရည်သတ္တိဆိုသည်မှာ လုပ်ရဲကိုင်ရဲခြင်း၊ ရဲစွမ်းသတ္တိရှိခြင်းဆိုသည်ထက် ပိုမိုကျယ်ပြန့်သည့် အဓိပ္ပာယ်ရှိကြောင်း၊ စွမ်းရည်သတ္တိတွင် ပေးဆပ်ရဲ၊ စွန့်လွှတ်ရဲသည့်စိတ်၊ ရဲဘော်ရဲဘက်စိတ်၊ မှန်ကန်သည့်ဆုံးဖြတ်ချက်၊ မှန်ကန်သည့် စွန့်လွှတ်စွန့်စားမှုများလည်း ပါဝင်နေကြောင်း၊ ထိုသို့ရဲစွမ်းသတ္တိဖြင့် အထူးပြည့်စုံသည့် အရာရှိ၊ စစ်သည်များကို နိုင်ငံတော်နှင့်တပ်မတော်က နှစ်စဉ်နှစ်တိုင်း ထိုက်ထိုက်တန်တန် ဂုဏ်ပြုပေးနေကြောင်း။

ယနေ့အခမ်းအနားတွင် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ တစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူ ရှစ်ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ တစ်ဦးတို့ကို ဂုဏ်ပြုချီးမြှင့်ပေးခြင်းမှာ တပ်မတော်၏ သာလွန်မွန်မြတ်သည့် ရဲစွမ်းသတ္တိနှင့် စွန့်လွှတ်စွန့်စားခြင်းအတွက် သမိုင်းဆိုင်ရာ မှတ်ကျောက်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုသည်မှာ တိုင်းပြည်အတွက် ထမ်းဆောင်ကြသည့် တာဝန်များအနက် အစွန့်စားရဆုံး၊ ပေးဆပ်စွန့်လွှတ်ရမှုအများဆုံး၊ တိုင်းပြည်အတွက် အရေးအကြီးဆုံး တာဝန်တစ်ရပ်ဖြစ်သည့်အပြင်၊ လူတိုင်းပြုရခဲ ပြုနိုင်ခဲသည့် အမွန်မြတ်ဆုံးသော တာဝန်တစ်ရပ်ဖြစ်ကြောင်း။

အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲမှုကို ရဲစွမ်းသတ္တိရှိရှိ သက်စွန့်ကြိုးပမ်း ကာကွယ်ခြင်း၊ ညီအစ်ကိုမောင်ဘွား တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို စောင့်ရှောက်ကာကွယ်ခြင်းလုပ်ငန်းများသည် နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြု၊ ဘာသာသာသနာအကျိုးပြုလုပ်ငန်းများကို အသက်စွန့်လှူခြင်းဖြစ်၍ ဇီဝိတဒါနမြောက်သည့်အတွက် "ရဲသော်မသေ သေသော်ငရဲမလား"ဆိုသည့် အဆိုအမိန့်တစ်ရပ် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အမိမြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှစပြီး ယနေ့တိုင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်အပေါ် သာလွန်မွန်မြတ်သော သစ္စာစောင့်သိ စွန့်လွှတ်စွန့်စားမှုကို ဆက်လက်ဆောင်ရွက်ပြီး နိုင်ငံတော်ကို ကာကွယ်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ရာတွင် ထက်သန်ပြောင်မြောက်စွာ သက်စွန့်ကြိုးပမ်းထမ်းဆောင်သူများသည် ပြည့်စုံမွန်မြတ်သော မှတ်တမ်းကောင်းချန်ရစ်သူ ယောကျ်ားကောင်း ယောကျ်ားမြတ်များဖြစ်၍ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူက သားကောင်းဇာနည်များအဖြစ်မှတ်တမ်းတင်ပြီး အမြဲတမ်းအမှတ်ရ ဂုဏ်ယူနေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိသူ တပ်ကြပ်ကြီး ကျော်မြသိန်းကိုယ်စား ဇနီးဒေါ်စောမြမွန်အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်ရရှိသူများဖြစ်ကြသည့် တပ်ကြပ်ကြီး မြင့်လွင်၊ တပ်ကြပ် ရဲမင်းစိုး၊ ဒုတိယတပ်ကြပ် သိန်းထွန်းကိုယ်စား ဇနီး ဒေါ်စန်းစန်းအေး၊ ဒုတိယတပ်ကြပ် အောင်ခိုင်၊ ဒုတိယတပ်ကြပ် ဝင်းကျော်ဦး၊ ဒုတိယတပ်ကြပ် ကျော်ခိုင်၊ ဒုတိယတပ်ကြပ် စိုးမြင့်သိန်းနှင့် ပြည်သူ့စစ်ခေါင်းဆောင်ဖြစ်သူ ဦးထွန်းမြတ်လေးတို့အား လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ ဗိုလ်ကျော်ရဲအောင်အား လည်းကောင်း သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်နှင့် လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

တပ်မတော်တွင် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ချီးမြှင့်မှုမှာ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ အောင်ဆန်းသူရိယဘွဲ့ ခြောက်ဦး၊ သီဟသူရဘွဲ့ ၄၇ ဦး၊ သူရဘွဲ့ ၅၄၂ ဦး၊ သီဟဗလတံဆိပ် ခြောက်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၁၈၆၂ ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် ၁၈၉၀၊ စစ်သေနာပတိချုပ်၏ သူရဲကောင်းလက်မှတ် ၃၃၅ ဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ၂၅၂၆ ဦး၊ စစ်သေနာပတိချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် နှစ်ဦးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ် ၈၇၄ ဦး ရှိခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဆုပစ္စည်းများချီးမြှင့်

**မုံရွာ ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့် ဆရာတော်၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များကို ချီးကျူးဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က စတုတ္ထအကြိမ်မြောက်အဖြစ် ဂုဏ်ထူးဆောင်လက်မှတ်များ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးခန်းမ၌ ကျင်းပရာ မုံရွာမြို့သတင်းမီဒီယာအဖွဲ့မှ သတင်းထောက်တစ်ဦး အပါအဝင် ၁၁၄ ဦးကို ချီးမြှင့်ပေးအပ်ခဲ့သည်။

"ဂုဏ်ထူးဆောင်လက်မှတ်တွေကိုချီးမြှင့်ရတဲ့ရည်ရွယ်ချက်ကတော့ တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးတို့အတွက် စွမ်းဆောင်ကြတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေဖြစ်တဲ့ စီးပွားရေးစွမ်းဆောင်ရှင်တွေ၊ လူမှုရေးစွမ်းဆောင်ရှင်တွေ၊ အဖွဲ့အစည်းတွေတိုးတက်လာဖို့နဲ့ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့ရည်ရွယ်ပြီး ဆောင်ရွက်ပေးအပ်တာဖြစ်ပါတယ်။ ဒီလိုချီးမြှင့်တဲ့နေရာမှာလည်း ပဏာမစိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးတော့ အဆင့်ဆင့်စိစစ်သုံးသပ်အကဲဖြတ်ပြီးမှ ရွေးချယ်ခဲ့တာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက ပြောပြသည်။

စတုတ္ထအကြိမ်မြောက် ယနေ့ပေးအပ်ချီးမြှင့်ရာတွင် ဇေယျာစီမံထူးချွန်ပထမအဆင့် ငါးဦး၊ ဒုတိယဆင့် ၁၁ ဦး၊ တတိယဆင့် ၃၇ ဦး၊ ဇေယျာလူမှုထူးချွန်ပထမဆင့် လေးဦး၊ ဒုတိယဆင့် ၁၄ ဦးနှင့် တတိယဆင့် ၄၃ ဦးချီးမြှင့်ရာ မုံရွာမြို့မီဒီယာအဖွဲ့မှ မက်ဆင်ဂျာနှင့် မန္တလေးအလင်းသတင်းထောက် လင်းလင်းမောင်(ခ) အိုင်ပီကိုလည်း ဝန်ကြီးချုပ်က ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

"အခုချီးမြှင့်တဲ့ဆုပေးပွဲမှာ ကလေးဒေသ ရေဘေးဒုက္ခရောက်သူတွေ၊ နိုဝင်ဘာ ၁ ရက်က ချင်းတွင်းမြစ်အတွင်း ရေယာဉ်နစ်မြုပ်တာတွေကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတွေကိုချီးမြှင့်ခဲ့သလို မုံရွာမီဒီယာအုပ်စုထဲက သတင်းထောက်တစ်ဦးကိုချီးမြှင့်တာဟာ ကြားရတာထူးခြားနေသလို ဝမ်းမြောက်မုဒိတာပွားရပါတယ်။ အခုလိုခေတ်အဆက်ဆက်ချီးမြှင့်လာတာ မီဒီယာသတင်းထောက်ကို ချီးမြှင့်တာ မတွေ့ခဲ့ရဖူးသေးတော့ ထူးခြားတဲ့ချီးမြှင့်ပွဲလို့ပြောလို့ရပါ တယ်။ ပြီးခဲ့တဲ့နှစ်က ချင်းတွင်းဂျာနယ် အယ်ဒီတာချုပ်နဲ့ အယ်ဒီတာ တစ်ဦးကိုတော့ ချီးမြှင့်တာရှိပေမယ့် အခုလို သတင်းထောက်ကို ချီးမြှင့်တာ ပထမဆုံးလို့သိရပါတယ်"ဟု ပွဲတက်ရောက်လာသူ မုံရွာမြို့မိမြို့ဖ တစ်ဦးက ပြောပြသည်။

**မျိုးဝင်းထွန်း**

## MNL-2 ခြေစစ်ပွဲများ ယနေ့ကျင်းပမည်

၂၀၁၆ ရာသီ MNL-2၊ (ပထမတန်း) ပြိုင်ပွဲဝင်ခွင့်ရရန် စာရင်းပေးသွင်းထားသည့် အသင်းလေးသင်းအတွက် ကျင်းပမည့် ခြေစစ်ပွဲ ပွဲစဉ်များကို ဇန်နဝါရီ ၅ ရက်မှစတင်ကာ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့၌ ကျင်းပသွားမည်ဖြစ်သည်။

ပထမတန်းပြိုင်ပွဲဝင်ခွင့် အသင်းလေးသင်း စာရင်းပေးသွင်းထားပြီး ယင်းအသင်းများကို ပတ်လည်စနစ်ဖြင့်ကစားကာ အမှတ်အများဆုံး သုံးသင်းမှာ ပြိုင်ပွဲဝင်ခွင့်ရမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို မဟာယူနိုက်တက်အသင်း၊ သီဟဒီပအသင်း၊ စီးတီးစတားအသင်းနှင့် United of Than Lyin အသင်းတို့ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲစဉ်မဲနှိုက်ရေးဆွဲပွဲကို ဇန်နဝါရီ ၄ ရက်က MFF ရုံး၌ ကျင်းပသည်။ ခြေစစ်ပွဲစဉ်များအဖြစ် ဇန်နဝါရီ ၅ ရက်တွင် ပဒုမ္မာကွင်း၌ United of Than Lyin အသင်းနှင့် စီးတီးစတားအသင်း၊ စလင်းကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် သီဟဒီပအသင်း၊ ဇန်နဝါရီ ၇ ရက်တွင် ပဒုမ္မာကွင်း၌ သီဟဒီပအသင်းနှင့် United of Than Lyin အသင်း၊ စလင်းကွင်း၌ စီးတီးစတားအသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ဇန်နဝါရီ ၉ ရက်တွင် ပဒုမ္မာကွင်း၌ United of Than Lyin အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ စလင်းကွင်း၌ သီဟဒီပအသင်းနှင့် စီးတီးစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မဟာယူနိုက်တက်အသင်းမှာ လက်ရွေးစင်ဟောင်းနောက်ခံလူ ဇော်လင်းထွန်း ကိုင်တွယ်နေသည့် အသင်းဖြစ်သည်။

ယခုခြေစစ်ပွဲမှ အမှတ်အများဆုံးသုံးသင်းမှာ ပထမတန်းပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သော်လည်း ဘဏ္ဍာရေးခိုင်မာမှု၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိပါက ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ကြောင်းသိရသည်။

**ရှိုင်းထက်ဇော်**

# ပြည်တွင်းရေးရာ

○ **(၆၈) နှစ်မြောက်မှ**

နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ ပြည်သူလူထုစုစုပေါင်းအင်အား ၃၀၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကိုကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပုဗ္ဗသီရိတပ်နယ်မှ အရာရှိ၊ စစ်သည်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများသည် သတ်မှတ်ထားသော စုရပ်အသီးသီးမှ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

အလားတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားသူများက သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ယင်းနောက် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တပ်မတော် (ကြည်း၊ ရေ၊ လေ)ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ထို့နောက် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အလေးပြုခံစင်မြင့်ထက်သို့ရောက်ရှိပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၊ ပြည်သူလူထုကြီးနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ရဲဘော်အပေါင်းအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဖတ်ကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





## စစ်ကိုင်းအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၄**

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မကွေးတိုင်းဒေသကြီးတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန် ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်**များမှာ ဟားခါးမြို့တွင် (-၁) ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၃ ဒီဂရီ စင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့၊ နောင်ချိုမြို့၊ ခန္တီးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

❖ **ကျောဖုံးမှ**

"သမိုင်းဝင်ပြတိုက်အဖြစ် ပြုလုပ်နိုင်ဖို့ အဆက်ဆက်က လုပ်ခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ယနေ့မှာတော့ ဒီပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့ပြီပဲ ဖြစ်ပါတယ်။ သေမင်းတမန်ရထားလမ်းကြီးကို အသက်သွေး ချွေးပေါင်းများစွာ စတေးပြီး ဖောက်လုပ်ခဲ့တာဖြစ်ပါတယ်။ ဂျပန်တပ်ရဲ့ အဓိက ထောက်ပံ့ရေးလမ်းကြောင်းကြီးလည်း ဖြစ်ခဲ့တယ်။ ရှစ်သောင်းကျော်သော မွန်ပြည်သူပြည်သားတို့ရဲ့ အသက်တွေ စွန့်လွှတ်ခဲ့ရတာဖြစ်တဲ့အတွက် ဒါတွေကို အမှတ်ရစေဖို့ အောက်မေ့စေဖို့၊ သမိုင်းမှာ စွန့်လွှတ်ခဲ့တာတွေအတွက် အမှတ်တရအနေနဲ့ ဒီပြတိုက်ကို ဖွင့်လှစ်ခဲ့တာပဲဖြစ်ပါတယ်" ဟု မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအုန်းမြင့်ကအဖွင့်အမှာစကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

အဆိုပါပြတိုက်ကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်နှင့်အတူ တလမွန် ကုမ္ပဏီများအုပ်စုက တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ပြတိုက်နှင့်အတူ အပန်းဖြေ နားနေနိုင်သည့် ရေကူးကန်၊ ဟိုတယ်၊ ကစားကွင်းများနှင့် အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များဖြင့် လေ့လာရင်း အပန်းဖြေနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု တလမွန်ကုမ္ပဏီဥက္ကဋ္ဌ ဦးမင်းဗညားစန်းက ပြောသည်။

သေမင်းတမန်ရထားလမ်း ပြတိုက်ဖွင့်ပွဲသို့ ရထားလမ်းဖောက်လုပ်ခဲ့စဉ်က အသက် ၂၄ အရွယ်ရှိ ဂျပန်တပ်မတော် တပ်ခွဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် Mr. Mikio Kinoshita နှင့် မိသားစုတို့ တက်ရောက်ခဲ့ပြီး ပြတိုက်ဖွင့်ပွဲ၊ ရထားလမ်းဖောက်လုပ်ခဲ့စဉ်က အဖြစ်အပျက်တချို့အား ၎င်းက အမှတ်တရ ပြောကြားခဲ့သည်။

"ဒီပြတိုက်လေး ဖြစ်ပေါ်လာစေချင်တာ ကျွန်တော့်ရည်မှန်းချက်ဖြစ်ပါတယ်။ နှစ်ပေါင်း ၄၀ အတွင်းမှာ ကျွန်တော် မြန်မာနိုင်ငံကို ၂၆ ခေါက်လောက်ရှိပါပြီ၊ လာရောက်ပြီးတော့ ဆုတောင်းမေတ္တာပို့တာ၊ ပညာရေး မိဘမဲ့ကျောင်းတွေကို တတ်နိုင်သလောက် ကူညီပေးပါတယ်။ ကျွန်တော် မြန်မာမှာ တာဝန်ထမ်းဆောင်တော့ ကူညီခဲ့တဲ့ မြန်မာမိတ်ဆွေတွေ အများကြီးပါပဲ။ ဂျပန်-မြန်မာ ချစ်ကြည်ရေး ဆက်လက် အဓွန့်ရှည်ပါစေ။ မြန်မာမှာ စစ်ဆိုတာမရှိဘဲနဲ့ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေလို့ ဆုမွန်ကောင်း တောင်းပါတယ်" ဟု Mr. Mikio Kinoshita က အမှတ်တရစကား ပြောကြားခဲ့သည်။

အဆိုပါ ပြတိုက်ဖွင့်ပွဲတွင် ပုဂံဒေသ၌ နိုင်ငံခြားသား ဧည့်သည်များကို ပြေးဆွဲပေးနေသည့် ကျောက်မီးသွေးရထားစက်ခေါင်းတွဲဖြင့် သေမင်းတမန်ရထားလမ်း မိုင်ဝက်ခန့်ကို အမှတ်တရအနေဖြင့် ပြေးဆွဲပေးခဲ့သည်။

သေမင်းတမန်မီးရထားလမ်းသည် ဒုတိယကမ္ဘာစစ်ကာလ မြန်မာပြည်ရှိ ဂျပန်တပ်ဖွဲ့ဝင်များအား ထောက်ပံ့မှုပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံ ဘန်ပေါင်မြို့မှ မြန်မာနိုင်ငံ မွန်ပြည်နယ် သံဖြူဇရပ်မြို့အထိ ၄၁၅ ကီလိုမီတာ (၂၈၅မိုင်)ရှိ ရထားလမ်းပိုင်းဖြစ်သည်ဟု ပြတိုက်မှတ်တမ်းများအရ သိရသည်။ အဆိုပါ ရထားဖောက်လုပ်ခဲ့စဉ်တွင် ဂျပန်၏ စစ်ရှုံးနိုင်ငံများ၊ မဟာမိတ်တပ်များမှ စစ်သုံ့ပန်းများနှင့် ဒေသတွင်းမှ ချွေးတပ် လုပ်သားပေါင်းများစွာတို့ အသက်၊ သွေး၊ ချွေးပေါင်းများစွာ စတေးခဲ့ရသည့် သမိုင်းဝင် ရထားလမ်းကြီးတစ်ခုဖြစ်သည်ဟု သိရသည်။ သေဆုံးသူအရေအတွက် အတိအကျ မှတ်တမ်းမတင်နိုင်ခဲ့သော်လည်း စစ်သုံ့ပန်းပေါင်း ၁၂၀၀၀ ကျော် သေဆုံးခဲ့ပြီး ဗြိတိသျှ ၆၉၀၀ ကျော်၊ ဩစတြေးလျ ၂၈၀၀ ကျော်၊အမေရိကန် ၁၀၀ ကျော် ပါဝင်ခဲ့သည်။ ဒေသခံနှင့် ချွေးတပ်လုပ်သားပေါင်းများစွာ အသက်စတေးခဲ့ရသည့် သမိုင်းဝင် ရထားလမ်းကြီးဖြစ်သည်။

ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် သမိုင်းဝင် ဖြစ်ခဲ့သော သေမင်းတမန်မီးရထားကို အထူးစိတ်ဝင်စား လာရောက်လေ့လာကြခြင်းအပြင် သံဖြူဇရပ်မြို့ရှိ ခနသဟာယ စစ်သင်္ချိုင်းသို့လည်း လာရောက်လေ့ရှိကြသည်။ ယင်းအပြင် မြန်မာ-ထိုင်းသို့ ဆက်သွယ်သည့် ရထားလမ်းစတင်ရာ အထိမ်းအမှတ်နေရာနှင့် ပထမဆုံးစတင်ပြေးဆွဲခဲ့သည့် ကျောက်မီးသွေးရထားစက်ခေါင်းသို့လည်း လာရောက်လေ့ရှိသည်ဟု သိရသည်။ **(ဝဝ၁)**

## (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားများကျင်းပ

**မင်္ဂလာဒုံမြို့နယ်**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အထက(၁) မြဧရာခန်းမ၌ ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီကကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာအား မင်္ဂလာဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဖတ်ကြားခဲ့သည်။ **(ဌေးကြိုင်)**

**အင်းစိန်မြို့နယ်**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထက(၁) ကျောင်းရှိ ဧရာဝတီခန်းမ၌ ၂၀၁၆ ခုနှစ် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက ကျင်းပရာ နိုင်ငံတော်သမ္မတ အဂ္ဂမဟာ သရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မဦးသိန်းစိန်ထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာအား အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးမင်းက ဖတ်ကြားခဲ့သည်။

**မျိုးသန့်(ပြန်/ဆက်)**

## မြို့နယ်အား/ကာကော်မတီဥက္ကဋ္ဌဖလားအားကစားပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၄**

လှိုင်သာယာမြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ပြုလုပ်သော ဖူဆယ်၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ဘီလီယက်နှင့် စနူကာအားကစားပြိုင်ပွဲများဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့ပြီး ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ နံနက်ပိုင်းက စက်မှုဇုန်(၁) မိုးလုံလေလုံအားကစားခန်းမတွင်ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မူမူနှင့် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးတို့က ကြည့်ရှုအားပေးခဲ့ကြပြီး ဗိုလ်လုပွဲတွင် အနိုင်ရရှိသည့် အသင်းများကို ဆုတံဆိပ်များနှင့် ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# အသက်(၉၀)နှင့်(၁၀၀)ကြား အဘိုးအဘွားများအား ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၄**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ဟော်ခန်းမ၌ ကျင်းပသော မွန်ပြည်နယ်အတွင်းရှိ အသက်(၉၀)နှင့်(၁၀၀)ကြား အဘိုးအဘွားများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ယနေ့အချိန်ထိ တစ်နိုင်ငံလုံး အသက်(၁၀၀) နှင့်အထက် အဘိုးအဘွားစုစုပေါင်း ၁၂၄၇ ဦးတို့ကို နိုင်ငံတော်၏ သက်ကြီးဝါကြီးဂုဏ်ပြုခံပုဂ္ဂိုလ်များအနေဖြင့် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာများနှင့် အဘိုး အဘွားတစ်ဦးလျှင် ချီးမြှင့်ငွေကျပ်နှစ်သိန်းစီဖြင့် စုစုပေါင်း ၂၄၉၄ သိန်းကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် ယနေ့အချိန်ထိ ကောက်ယူရရှိထားသည့် အသက်(၉၀)နှင့်(၁၀၀)ကြား အဘိုး အဘွားစုစုပေါင်း ၂၃၁၈၇ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၈၀၀၀ နှုန်းဖြင့် စုစုပေါင်း ၄၁၇၃ ဒသမ ၆၆ သိန်းကို ဝန်ကြီးဌာန ဘတ်ဂျက်မှ ထောက်ပံ့ပေးလျက်ရှိကြောင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရေးမြို့နယ်တွင် နေထိုင်သည့် အဘွားဒေါ်သောင်းရင် အသက်(၁၀၁)နှစ်အတွက် နိုင်ငံတော်သမ္မတကြီးကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေကျပ်နှစ်သိန်း၊ အသက်(၉၀)နှင့်(၁၀၀)ကြား ကျိုက်မရောမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၃၃ ဦးအတွက် ၂၃ ဒသမ ၉၄ သိန်း၊ ချောင်းဆုံမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၈၉ ဦးအတွက် ၃၄ ဒသမ ၀၂ သိန်း၊ မုဒုံမြို့နယ်အတွင်းရှိ အဘိုး အဘွား ၂၇၃ ဦးအတွက် ၄၉ ဒသမ ၁၄ သိန်း၊ မော်လမြိုင်မြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၂၂ ဦးအတွက် ၂၁ ဒသမ ၉၆ သိန်း၊ ရေးမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၁၉ ဦးအတွက် ၂၁ ဒသမ ၄၂ သိန်း၊ သံဖြူဇရပ်မြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၅၀ အတွက် ၂၇ သိန်း၊ ကျိုက်ထိုမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၀၀ အတွက် ၁၈ သိန်း၊ ပေါင်မြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၁၄ ဦးအတွက် ၂၀ ဒသမ ၅၂ သိန်း၊ ဘီးလင်းမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၀၀ အတွက် ၁၈ သိန်း၊ သထုံမြို့နယ်အတွင်းရှိ အဘိုး အဘွား ၁၀၂ ဦးအတွက် ၁၈ ဒသမ ၃၆ သိန်းတို့ကို ပေးအပ်ပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျိုက်ထိုမြို့နယ် ဆိပ်ဖူးတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၉၄ ဒသမ ၅ သိန်း၊ ဘီးလင်းမြို့နယ်အတွင်းရှိ သော်ကမြောင်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၈၄ ဒသမ ၀၆ သိန်းနှင့် တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၇၄ ဒသမ ၆ သိန်း၊ သထုံမြို့နယ်အတွင်းရှိ ဘုရားခြောက်ဆူလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာအတွက် ၂၃ ဒသမ ၃၆ သိန်းနှင့် သထုံဘိုးဘွားရိပ်သာအတွက် ၂၃ ဒသမ ၃၁ သိန်း၊ သထုံခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၁၉ ကျောင်းအတွက် ၁၁၄ သိန်း၊ မော်လမြိုင်မြို့နယ်အတွင်းရှိ တောင်ဝိုင်းဘိုးဘွားရိပ်သာအတွက် ၄၀ ဒသမ ၈၃ သိန်းနှင့် အမျိုးသမီးဂေဟာအတွက် ၁၇ ဒသမ ၃၄ သိန်း၊ မုဒုံမြို့နယ်အတွင်းရှိ ရေတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာအတွက် ၁၁ ဒသမ ၄ သိန်းနှင့် မုဒုံဘိုးဘွားရိပ်သာအတွက်




၆ ဒသမ ၃ သိန်း၊ မော်လမြိုင်ခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၃၂ ကျောင်းအတွက် ၁၉၂ သိန်း စုစုပေါင်း ၁၀၃၆ ဒသမ ၃၆ သိန်းကို သက်ဆိုင်သူများထံ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၌ သင်တန်းများပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ကယ်ဆယ်ရေးဂိုဒေါင်ကို စစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးရုံး တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားကာ ကျိုက်ထီးရိုးဆံတော်ရှင်ဘုရား၌ အလှူငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိ ရပ်ကွက်များ၌ လွတ်လပ်ရေးနေ့ ပျော်ပွဲ ရွှင်ပွဲအားကစားပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်အသီးသီးတွင် ပျော်ပွဲရွှင်ပွဲများနှင့် အားကစားပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း (၇)ရပ်ကွက် ရတနာသီရိလမ်းတွင် ဘောလုံးပြိုင်ပွဲများ၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို ကျင်းပပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူကလေးငယ်များကို ဆုများချီးမြှင့်ပေးအပ်သည်။

"လွတ်လပ်ရေးနေ့ဆိုတော့ ကလေးတွေ ပျော်စေချင်တယ်။ လမ်းထဲမှာရှိတဲ့ အိမ်တွေကနေ စေတနာရှိသလောက် အလှူငွေကောက်ခံပြီး ပြိုင်ပွဲလုပ်ပေးတယ်။ ဆုရတဲ့ကလေးတွေကို ဆုချီးမြှင့်တယ်။ ကလေးတွေလည်း ကစားရတဲ့အတွက် တော်တော်ပျော်နေကြတယ်။ အဓိကက လွတ်လပ်ရေးနေ့မှာ ကလေးတွေပျော်စေချင်တာပါ"ဟု (၇)ရပ်ကွက် ရတနာသီရိလမ်းတွင်နေထိုင်သည့် ကိုဝတုတ်က ပြောသည်။



ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်အသီးသီးတွင် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲများ ကျင်းပသကဲ့သို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်တွင်လည်း လာရောက်ကြည့်ရှု လေ့လာသူများ၊ အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်။

"လွတ်လပ်ရေးနေ့က အလုပ်ပိတ်ရက်လည်းဖြစ်တော့ ပန်းခြံကို မိသားစုနဲ့ အလည်လာတာပါ။ လွတ်လပ်ရေးကျောက်တိုင်မှာ ကမ္ပည်းမော်ကွန်းရေးထိုးထားတဲ့ နိုင်ငံ့ခေါင်းဆောင်တွေရဲ့ မိန့်ခွန်းတွေကို ဖတ်လိုက်ရတော့ ဗဟုသုတလည်းရတယ်။ မှတ်သားစရာတွေလည်း ဖြစ်တယ်။ သားသမီးတွေကိုလည်း ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးအတွက် ဘယ်လိုတိုက်ပွဲဝင်ပြီး ရယူခဲ့တယ်ဆိုတာ ရှင်းပြတယ်။ ဒါမှ ကလေးတွေ လွတ်လပ်ရေးရဲ့ တန်ဖိုးကို သိမှာလေ"ဟု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ကိုဇော်မင်းက ပြောသည်။

ယနေ့ကျရောက်သည့် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နံနက်ပိုင်းမှစတင်ကာ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ရပ်ကွက်များတွင် တာဝေး၊ တာနီး အပြေးပြိုင်ပွဲများ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲများ၊ အာလူးကောက်ပြိုင်ပွဲများ၊ ဘောင်းဘီဝတ်ပြိုင်ပွဲများ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲများ၊ ချောတိုင်တက်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲများကို ရပ်ကွက်အလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

**(မင်းသစ်)**



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကြီးဈေးအနောက်ဘက်ဘောလုံးကွင်းတွင် ချောတိုင်တက်ပြိုင်ပွဲ ကျင်းပစဉ်။

(နေသစ်ဦး)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်(ဂ)ရပ်ကွက်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ချောတိုင်တက်ပွဲ ကျင်းပစဉ်။ (ခင်မောင်ထွေး)



(၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်(၂) အောင်မင်္ဂလာလမ်းရှိ စက်ရုံတစ်ရုံတွင် မိသားစုဝင်များ ပျော်ပွဲရွှင်ပွဲပြုလုပ် ကစားကြစဉ်။ (ငွေးအောင်)



(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ရတနာလမ်း၌ ကျင်းပရာ ကလေးငယ်များ အပြေးပြိုင်ပွဲဝင်နေသည်ကို တွေ့ရစဉ်။

(ခင်မောင်ဝင်း)

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ကျင်းပရာ အမျိုးသမီးများ ဆန်ကောရွက်ပြိုင်ပွဲဝင်နေသည်ကို တွေ့ရစဉ်။

(ခင်မောင်ဝင်း)



# စွမ်းအားမြင့်အေဝမ်းမီးဖိုများ ဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချလာ

**မင်းဘူး ဇန်နဝါရီ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မင်းဘူး-မင်းလှကားလမ်း မိုင်တိုင်အမှတ်(၁၀)အနီးရှိ မြန်မာမြေစွမ်းအားမြင့်အေဝမ်းမီးဖိုထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်သော စွမ်းအားမြင့်အေဝမ်းမီးဖိုများကို သုံးစွဲသူများပြားလာ၍ မကွေးတိုင်းဒေသကြီးအတွင်းသာမက မြန်မာနိုင်ငံဒေသအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချမှုများပြားလာခြင်းကြောင့် ယခင်ကထက်ပိုမိုထုတ်လုပ်လာရကြောင်း သိရသည်။

ယင်းစွမ်းအားမြင့် အေဝမ်းမီးဖိုများသည် မီးလောင်ကျွမ်းမှုအပြည့်အဝရှိသည့်အပြင် အပူဆုံးရှုံးမှုကို အလျော့နည်းဆုံးဖွဲ့စည်းတည်ဆောက်ထားသောကြောင့် အပူစွမ်းအင်ကို အများဆုံးအသုံးပြုနိုင်ကြောင်း၊ ပစ္စည်းအရည်အသွေးနှင့်အကျိုးတရားကို နားလည်သိရှိသူများပြားလာခြင်းကြောင့် ယခင်ကထက် ဝယ်လိုအားများကာ ပိုမိုထုတ်လုပ်လာရခြင်းဖြစ်ကြောင်း စက်ရုံမှူးက ပြောသည်။

"ဈေးကွက်က ခိုင်မာကျယ်ပြန့်လာတယ်။ မကွေးတိုင်းဒေသကြီး ၂၅ မြို့နယ်အပြင် ဈေးကွက်တောင်းဆိုမှုအရ ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်အပါအဝင် ရှမ်းပြည်နယ် တောင်ကြီး၊ အင်းလေးတို့နဲ့ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ အနောက်ခြမ်းအထိ ဖြန့်ဝေခဲ့တယ်။ ပြီးတော့ မကွေးတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ခဲ့တဲ့ ဒေသတွေမှာလည်း အေဝမ်းမီးဖိုတွေကို ဈေးနှုန်းချိုသာစွာ ရောင်းချနိုင်ခဲ့တယ်။


ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေ၊ သစ်တောဦးစီးဌာန၊ စိမ်း/စိုဦးစီးဌာန၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ အစိုးရနဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေကို အထူးအစီအစဉ်နဲ့ ဖြန့်ဖြူးရောင်းချနေပါတယ်။ ကုန်ကြမ်းအနေနဲ့ ပလပ်မြေတွေမှာ မြေတူးယူပြီး မီးဖိုဖုတ်တဲ့အခါမှာ ထင်းလုံးဝမသုံးဘဲ စပါးခွံသုံးတယ်။ လက်ရှိ မှာ ဒေသခံဝန်ထမ်း အလုပ်သမား ၆၀နဲ့ တစ်နေ့ကို အလုံးရေ ၂၅၀ ကျော်ထုတ်လုပ်နေပါတယ်။ မီးမွေးရလွယ်ကူပြီး လုံခြုံစိတ်ချရတဲ့အတွက် မိုးဦးကျရာသီတွေမှာ ပိုပြီးအရောင်းတွင်ကျယ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့်ကျေးလက်ဒေသအနှံ့အပြားတွင် သမားရိုးကျဖိုခုံလောက်မီးဖိုများအစား စွမ်းအားမြင့်အေဝမ်းမီးဖိုများကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာကြပြီး ယင်းမီးဖိုသည် လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အစားထိုးလောင်စာတောင့်(ကျောက်မီးသွေး၊ ရေနံမီးသွေး၊ စပါးခွံ၊လွှစာနှင့် လယ်ယာစွန့်ပစ်ပစ္စည်း)အမျိုးမျိုးကို အသုံးပြုနိုင်ကြောင်း၊ ထင်းလောင်စာကုန်ကျမှုမှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး မီးမွေးရာတွင် လွယ်ကူပြီး မီးပုံ့လွင့်မှုနည်းပါးသောကြောင့် မီးဘေးအန္တရာယ်လည်း လျော့နည်းစေနိုင်သည်။

အဆိုပါ ကျေးလက်ဒေသများတွင် ကျေးရွာသုံးထင်းစိုက်ခင်းများကို စနစ်တကျစိုက်ပျိုးထားလျက်ရှိပြီး ထင်းအစား အခြားလောင်စာများအဖြစ် စိုက်စွန့်ပစ္စည်းများဖြစ်ကြသော နှမ်းရိုး၊ ပြောင်းရိုး၊ ပဲစင်းငုံရိုးများအပြင် လက်ပံခြောက်များကိုလည်း အသုံးပြုလေ့ရှိသည်။ မြန်မာနိုင်ငံ၏သဘာဝသယံဇာတဖြစ်သော သစ်တောသစ်ပင်များ ပြုန်းတီးမှုမရှိစေရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှလည်း ကျေးလက်ဒေသများအရောက်ကွင်းဆင်း၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထင်းကုန်ကျမှုသက်သာသော အေဝမ်းမီးဖိုသုံးစွဲရေး ပညာပေးဟောပြောကာ အေဝမ်းမီးဖိုအခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

အိမ်ထောင်စု သုံးသန်းခန့်ရှိသောအပူပိုင်းဇုန်တစ်ခုလုံး စွမ်းအားမြင့်အေဝမ်းမီးဖိုသုံးစွဲပါက နှစ်စဉ်ထင်းတန်ချိန် ၂ ဒသမ ၄ သန်းခန့် သက်သာစေနိုင်ကြောင်း၊ သစ်တောဖုံးလွှမ်းမှု တစ်ဧကကျော်လျှင် ငါးတန်နှုန်းဖြင့်တွက်ချက်ပါက သစ်တောဧက ၄၈၀၀၀၀ ခန့် နှစ်စဉ်ပြုန်းတီးမှုမှကာကွယ်နိုင်ကြောင်း သစ်တောပညာရှင်များက ခန့်မှန်းတွက်ချက်ထားကြောင်း သိရသည်။

**ကျော်စွာ(မကွေး)**



# လူမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ယာဉ်ရှုပ်ထွေးမှုများပြားကာ ပလက်ဖောင်းလူသွားလမ်းပျောက်နေသော ဘားအံမြို့

**ဘားအံ ဇန်နဝါရီ ၄**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပထမဦးစားပေး ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ကရင်ပြည်နယ်ရှိ တိုင်းရင်းသား အဖွဲ့အစည်းခေါင်းဆောင်များနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုတစ်ရပ်အား လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းလာကာ ဒေသနေပြည်သူများ၏ လူမှုဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

ယခင်က ဧရာဝတီလိုင်းမှ ပြေးဆွဲနေသော သင်္ဘောများ၊ ပုဂ္ဂလိကမော်တော်ဘုတ်များနှင့် စက်လှေကြီးငယ်များဖြင့် ရေလမ်းခရီးကိုသာ အဓိကထား ကူးသန်းရောင်းဝယ်သွားလာခဲ့ရသော ကရင်ပြည်နယ်တွင် ငြိမ်းချမ်းရေးဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကုန်းလမ်းခရီးလမ်းပန်းဆက်သွယ်မှုတွင် ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လုံခြုံစိတ်ချစွာသွားနိုင်ခဲ့၍ ရာသီမရွေး၊ အချိန်အခါမရွေး သွားလမ်းသာခဲ့ရသည်။

ထို့ပြင် ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုလျင်မြန်ဖြစ်ထွန်းလာသည်နှင့်အညီ ကရင်ပြည်နယ်တစ်ခွင် ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် လူမှုဘဝများ အရှိန်အဟုန်ဖြင့် တိုးတက်လာခဲ့သည်။

ကရင်ပြည်နယ်တစ်ခွင် စီးပွားရေးဖွံ့ဖြိုးတက်ခဲ့ခြင်းကြောင့် အခြားဒေသအသီးသီးမှ လာရောက်အခြေချနေထိုင်သူ ပိုမိုများပြားလာကာ ပြည်တွင်းရွှေ့ပြောင်းလုပ်သားများလည်း ကရင်ပြည်နယ်ရှိ လုပ်ငန်းခွင်များသို့ လာရောက်လုပ်ကိုင်မှု မြင့်တက်လာသည်။

တိုးတက်လာသော လူဦးရေနှင့်အတူ မော်တော်ယာဉ်သုံးစွဲမှုများ ပိုမိုမြင့်တက်လာကာ ဘားအံမြို့မဈေးကြီး အနီးပတ်ဝန်းကျင် ဈေးကွက်အချက်အချာကျသော အမှတ်(၂)ရပ်ကွက်တစ်ခွင်၌ မော်တော်ယာဉ်များ ပါကင်နေရာမရလောက်အောင် ပိုမိုများပြားလာခဲ့ကာ ယာဉ်ကြောပိတ်ဆို့မှုများ နေ့စဉ်ကြုံတွေ့နေရသည်။ လူဦးရေတိုးတက်ခြင်း၊ စီးပွားရေးတိုးတက်လာမှုများနှင့် မော်တော်ယာဉ်သုံးစွဲမှု ပိုမိုများပြားလာနေမှုများအား လိုက်လျောညီထွေဖြစ်အောင် ပြည်နယ်အစိုးရ၊ အဖွဲ့နှင့် ဘားအံမြို့တော်စည်ပင်သာယာရေးအဖွဲ့များက ခေတ်မီဈေးသစ်ကြီးများကို တည်ဆောက်ဖွင့်လှစ်ခြင်းနှင့် ဈေးသစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ခဲ့ကြသည်။

ဘားအံမြို့မဈေးကြီး ပတ်ဝန်းကျင်နှင့် အမှတ်(၂)ရပ်ကွက်၊ အမှတ်(၁)ရပ်ကွက်တို့တွင် လူသွားလူလာများပြားခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ဖောက်ကားမှု အားကောင်းခြင်း စသည့် အချက်အချာဈေးကွက်နေရာဖြစ်သောကြောင့် ဈေးရောင်းချသူများအနေဖြင့် လူသွားလမ်းအဖြစ် စည်ပင်သာယာရေးဌာနက ဆောက်လုပ်ထားသော ပလက်ဖောင်းနေရာများတွင် အများပြည်သူသွားလာရန် လမ်းမရှိရလောက်အောင် ပိတ်ဆို့ခင်းကျင်းမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများ ရှိနေကြောင်း သိရသည်။

ထို့ကြောင့် ဒေသတွင်းပြည်သူများ လုံခြုံစိတ်ချစွာဖြင့် ပလက်ဖောင်းများအပေါ် ယာဉ်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ဘားအံမြို့တော် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးစေလိုကြောင်း မြို့မိမြို့ဖတစ်ဦးက ပြောသည်။

ဘားအံမြို့တော်တွင် ယခုအခါ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မော်တော်ယာဉ်သုံးစွဲမှု များပြားလာကာ ယာဉ်တိုက်မှုဖြစ်စဉ်များ ပိုမိုမြင့်တက်လာသည်ဟု ဒေသနေပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

# အမြို့မြို့အနယ်နယ်တွင် (၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပ

**မကွေး**

မကွေးမြို့ အားကစားကွင်းတွင် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ နိုင်ငံတော်အလံအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။ ယင်းနောက် ပြေးပွဲပြိုင်ပွဲများ၊ လွန်ဆွဲပွဲ၊ မြန်မာ့ရိုးရာချောတိုင်တက်ပွဲနှင့် လက်ဝှေ့ပွဲများကို ပျော်ရွှင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **ညီညီမောင်(မကွေး)**



**တာချီလိတ်**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်ခြင်းနှင့် အလေးပြုခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဘုရင့်နောင်ရင်ပြင်တွင်ကျင်းပရာ နိုင်ငံတော်အလံအား စုပေါင်းအလေးပြုကြပြီး နိုင်ငံတော် သမ္မတထံမှပေးပို့သော သဝဏ်လွှာအား ခရိုင်အုပ်ချုပ်ရေးမှူးက ဖတ်ကြားခဲ့သည်။

**ဝေယံလင်း**

**ဟသ်ာတ**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ဟသ်ာတမြို့ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်တွင်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံကို လွှင့်တင်ပေးပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ယင်းနောက် နံနက် ၇ နာရီတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဟသ်ာတခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစန်းဌေးက ဖတ်ကြားပြီး ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ကျော်ကျော်**

**လဲချား**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အလံတင်အခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှေ့၌ ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ က ကျင်းပရာ နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာမြက ဖတ်ကြားကြောင်း သိရသည်။ **မစု**

**မြဝတီ**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို မြဝတီမြို့ မြစနီ္ဒကျောက်တိုင်ကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက နိုင်ငံတော် သမ္မတထံမှ ပေးပို့သည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်များတွင် ဆုရရှိခဲ့သည့် အသင်းအဖွဲ့၊ နည်းပြ၊ အားကစားသမားများ၊ ကျောင်းသားကျောင်းသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **ထိန်လင်းအောင်**



**တပ်ကုန်း**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ လွတ်လပ်ရေးကျောက်တိုင်၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပရာ မြန်မာနိုင်ငံတော်အလံအား စုပေါင်းအလေးပြုကြပြီး နိုင်ငံတော်သမ္မတထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က ဖတ်ကြားကာ အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **တင်စိုးလွင်**

# စက်ဘီးဖြင့်လည်ပတ်လေ့လာမှုကို နိုင်ငံတကာခရီးသွားဧည့်သည်များ ပိုမိုသဘောကျ



**မန္တလေး ဇန်နဝါရီ ၄**

ခရီးသွားဝန်ဆောင်မှုလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုပင်ဖြစ်သည်။ ဝင်ငွေကောင်းစွာ ရရှိစေသည့်အတွက် မီးခိုးမထွက်သည့်စက်ရုံဟုပင် တင်စားထားသည်။ မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်မှစတင်ကာ နိုင်ငံခြားသားခရီးသည် ဝန်ဆောင်မှုလုပ်ငန်းသည် အားကောင်းလာခဲ့သည်။ ခရီးသွားဧည့်သည်တို့ လာရောက်လည်ပတ်သောနှုန်းများတွင် သမားရိုးကျအနေဖြင့် စက်တင်ဘာလမှစကာ ဧပြီလအထိ ခရီးသွားရာသီဟု သတ်မှတ်ထားသည်။ မေလမှစကာ ဇူလိုင်လအထိ ခရီးသည်ပါးသွားသည်။

ယခင်က ခရီးသွားလုပ်ငန်းကို မကောင်းခြောက်လ၊ ကောင်းခြောက်လဟု အလွယ်သတ်မှတ်ခေါ်ခဲ့ကြသည်။ ၂၀၁၃ ခုနှစ်မှစကာ သမားရိုးကျသတ်မှတ်ချက်ကို ချိုးဖောက်ကာ ခရီးသည်ဝင်ရောက်မှု များလာခဲ့သည်။ ဘာလေးဘာဟု အလွယ်ခေါ်သော ခရီးသည် အဝင်များသည့်လများတွင် နေ့စဉ် အလုပ်ဖြစ်နေခဲ့သည်။

ယခုအခါ အောက်တိုဘာလဆန်းပိုင်းမှစကာ မန္တလေးမြို့တွင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ဝင်ရောက်မှု ပြန်လည်များလာခဲ့သည်။ သို့အတွက် ခရီးသွားဧည့်သည်များကို မြန်မာမှုအနုလက်ရာ အမှတ်တရပစ္စည်းများ ရောင်းချသူတို့နှင့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးသည့် ကား၊ ဆိုင်ကယ်များ အလုပ်ဖြစ်ကာ အဆင်ပြေလာခဲ့ကြောင်း သိရသည်။

ငယ်ရွယ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ စက်ဘီးဖြင့် သွားရောက်လေ့လာမှုကို ပိုမိုသဘောကျကြောင်း သိရသည်။

ခရီးသွားဝန်ဆောင်မှု ယာဉ်များမှာ မန္တလေးမြို့တွင် ငွေကျပ် သုံးသောင်း၊ စစ်ကိုင်းအထိအရောက် ငွေကျပ်လေးသောင်း ယူကြသည်။ ယာဉ်များ၊ ဆိုင်ကယ်များ ခရီးသည်ပို့ဆောင်မှုတွင် အဓိကကျသည့် နေရာများကိုသာ ရွေးချယ်ပို့ဆောင်ပေးလေ့ရှိသည်။ မြို့ထဲတွင်လည်း အရှေ့ခြမ်း၊ အနောက်ခြမ်း၊ တောင်ခြမ်း၊ မြောက်ခြမ်း သတ်မှတ်ကာ တစ်ခြမ်းလျှင် အနည်းဆုံး လေးနေရာမျှသာ ပို့ဆောင်လေ့ရှိသည်။

ငယ်ရွယ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များမှာ စက်ဘီးများဖြင့် အစုအဖွဲ့လိုက် လေ့လာကြသည်။ ဧည့်လမ်းညွှန်မပါဘဲ လမ်းညွှန်စာအုပ်ဖြင့် သွားရောက်လေ့လာသလို မိမိသွားလိုရာနေရာများကို လွတ်လပ်လွယ်ကူစွာ သွားလာနိုင်သည့်အတွက် စက်ဘီးဖြင့် လည်ပတ်ခြင်းကို ပိုမိုနှစ်သက်သဘောကြကြောင်း သိရသည်။

**(တိမ်တမန်)**

## အုတ်တွင်းမြို့၌ မာရသွန်ပြိုင်ပွဲကျင်းပ

**အုတ်တွင်း ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မီနီမာရသွန် အပြေးပြိုင်ပွဲကို ယနေ့ နံနက် ၄ နာရီက ကျွဲပွဲမြို့မှစတင်တာလွှတ်ကာ ကျင်းပခဲ့သည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူ ၄၅ ဦးရှိပြီး ဆုရရှိကြသူများကို အသီးသီး ဆုချီးမြှင့်ပေးခဲ့ကာ နှစ်သိမ့်ဆုအဖြစ် (၆)မှ (၁၀) အထိ ပန်းဝင်သူများကို ဆုကြေးငွေကျပ် ၂၀၀၀၀၊ (၁၁) မှ (၁၅)အထိ ပန်းဝင်သူများကို ဆုကြေးငွေကျပ် ၁၀၀၀၀၊ (၁၆)မှ (၂၀) အထိ ပန်းဝင်သူများကို ငွေကျပ် ၅၀၀၀ ချီးမြှင့်ပေးပြီး ပန်းဝင်သူတိုင်းကို ဆုကြေးငွေကျပ် ၃၀၀၀ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ယခုပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အား/ကာဦးစီးဌာနနှင့် ကြယ်နီဆေးလိပ်ခုံမိသားစုတို့မှ ကြီးမှူး၍ နှစ်စဉ်ကျင်းပခဲ့သည်မှာ (၁၈)ကြိမ် ရှိပြီဖြစ်ကြောင်း သိရသည်။ **(ပြန်/ဆက်)**

# ချိုင်းစာရွက်များ ရောင်းချနေမှု ဖမ်းဆီးအရေးယူ

**ရန်ကုန် ဇန်နဝါရီ ၄**

ဇန်နဝါရီ ၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂) ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင် "အင်းစိန်ဈေးပေါက်ဝမှ ချိုင်းစာရွက်များ ရောင်းချနေမှုကို တားဆီးပေးစေလို" ခေါင်းစဉ်ဖြင့် သတင်းဖော်ပြပါရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ မှူးရုံးနှင့် မှုခင်းနှိမ်နင်းရေးဌာနမှ တပ်ဖွဲ့ဝင်များက အတည်ပြုစုံစမ်းခဲ့သည်။

သတင်းအတည်ပြု ရရှိသည့် အဆိုပါနေရာတွင် အင်းစိန်မြို့နယ်နေ ဟန်ငြိမ်း(၄၂)နှစ်အား နှစ်လုံးထီ၊ သုံးလုံးထီ လောင်းကစားရာတွင် အသုံးပြုသော ချိုင်းစာရွက်မျိုးစုံ ၂၅ ရွက်၊ အတိတ်ပေးကတ်ပြားမျိုးစုံ ၂၈ ကတ်၊ အတိတ်ပေးချိုင်းစာအိတ်မျိုးစုံ ၉၈ အိတ်တို့အား နှီးဗန်းအတွင်း ထည့်လျက်ရောင်းချနေပြီး ရောင်းချရငွေကျပ် ၅၈၀၀ တို့ကို လည်းကောင်း၊ အဆိုပါနေရာ၌ပင် အင်းစိန်မြို့နယ်နေ ကြွက်(ခ)ညီညီ(၃၄)နှစ်အား ချိုင်းစာရွက်မျိုးစုံအရွက် ၃၅၀၊ အတိတ်ပေးကတ်ပြားမျိုးစုံအရွက် ၇၀၊ အတိတ်ပေးချိုင်းစာအိတ်မျိုးစုံ ၁၄၅ အိတ်၊ အတိတ်ပေးချိုင်းစာရွက်မျိုးစုံ ၃၇ ရွက်၊ လောင်းကစားရာတွင် အသုံးပြုသော ပြက္ခဒိန်အခု ၆၀၊ အတိတ်ပေးစာအုပ်မျိုးစုံ ၃၃ ရွက်၊ ရောင်းချရငွေကျပ် ၇၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အင်းစိန်မြို့မ ရဲစခန်းမှ အရေးယူဆောင်ရွက်ခဲ့သည်။ ယင်းမှာ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ပြည်သူလူထုမှ သတင်းပေးတိုင်ကြားမှုများအပေါ် အရေးယူဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**



# မရမ်းကုန်းမြို့နယ်တွင် ခရီးသည်တင်ယာဉ်တိမ်းမှောက်၊ ငါးဦးဒဏ်ရာရ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်တွင် ခရီးသည်တင်ယာဉ်တစ်စီးတိမ်းမှောက်၍ ယာဉ်ပေါ်ပါ ခရီးသည်ငါးဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ညနေ ၆ နာရီခန့်က သမိုင်းဘူတာရုံလမ်းအတိုင်း အရှေ့မှ အနောက်သို့ မောင်းနှင်လာသော အနောက်ပိုင်းခရိုင်ယာဉ်လိုင်း(မထသ)(၉၆)ယာဉ်လိုင်းမှ ယာဉ်အမှတ် 4A/--- ယာဉ်သည် သမိုင်းဘူတာခုံးကျော်တံတားအဆင်း (၄)လမ်းထိပ်အရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ရှိ ကပ်တုံးကို ဝင်ရောက်တိုက်မိ၍ ယာဉ်တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

"မီးရထားခုံးကျော်တံတားကနေ အရှိန်နဲ့ဆင်းလာပြီး မှတ်တိုင်မှာ ခရီးသည်အတင်/အချလုပ်နေတဲ့ကားကို ရှောင်လိုက်လို့ လမ်းလယ်က တုံးတွေနဲ့တိုက်ပြီး မှောက်သွားတာပါ။ ခရီးသည်အားလုံး ၁၀ ဦးကျော်လောက်ပါတယ်။ ဒဏ်ရာရတဲ့သူတွေကိုတော့ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေနဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေက ဆေးရုံပို့လိုက်တယ်။ ဒီနေရာမှာ မကြာခဏ ယာဉ်တိုက်မှုတွေဖြစ်နေတယ်။ တံတားအဆင်းမှာ ကားမှတ်တိုင်လုပ်ထားတော့ ခရီးသည်တွေအတွက်လည်း အန္တရာယ်များပါတယ်"ဟု အဆိုပါ ယာဉ်တိုက်မှုအနီးရှိ ဒေသခံ ဦးညီညီဝင်းက ပြောသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် လမ်းလယ်ကပ်တုံးများနှင့်ယာဉ်ပျက်စီးသွားပြီး ယာဉ်ပေါ်ပါခရီးသည် အမျိုးသားလေးဦး၊ အမျိုးသမီးတစ်ဦးတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာအသီးသီးရရှိခဲ့၍ သက်ဆိုင်ရာမှ ဆေးရုံသို့ တင်ပို့ခဲ့သည်။ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာ၌ ယာဉ်ကိုထား၍ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သက်ဆိုင်ရာမှ ယာဉ်မောင်းအား ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ **ဇော်ကြီး(ပဏိတ)**

## စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂ ရက်က နောင်ချိုမြို့အဝင် ORIENTAL HIGHWAY တိုးဂိတ်အနီးတွင် ကွတ်ခိုင်ဘက်မှ မန္တလေးဘက်သို့ ကျန်းချောက်ရှိ မောင်းနှင်လာသည့် 5C/--- Toyota Hilux Surf မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ ကို လည်းကောင်း၊ အလားတူ ဇန်နဝါရီ ၂ ရက်က ကွတ်ခိုင်ဘက်မှ လားရှိုးဘက်သို့ စံပေါ် မောင်းနှင်ပြီး အိုက်ငိုလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၈၀၀ ကို လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်က တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၁၃) ရွှေတောင်ကြားလမ်းနေ ချမ်းငြိမ်းစိုး(ခ)ဖိုးရှမ်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇော်သီဟနောင်၊ နေလင်း(ခ)စနေတို့ သုံးဦးအားတွေ့ရှိရပြီး အိပ်ခန်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၊ စိတ်ကြွရူးသွပ်ဆေးပြား သုံးစွဲရာတွင်အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် နေအိမ်ဘေးမှ YGN/5G--- CALDINA မော်တော်ယာဉ်တစ်စီး၊ မော်တော်ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# မုံရွာအကျဉ်းထောင်တွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၄**

(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများ ကျင်းပမှုအခြေအနေနှင့် ပတ်သက်ပြီး မုံရွာအကျဉ်းထောင် တာဝန်ခံ ဦးသိန်းလွင်က "(၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အကျဉ်းသား ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အကျဉ်းသူတွေ မျက်စိမှိတ် သုံးမိနစ် မိတ်ကပ်အလှပြင်ပြိုင်ပွဲ **(အောက်ပုံ)**၊ ဘောလုံးဖင်ထိုင်ကောက်ပြိုင်ပွဲနှင့် ကြက်ဖခွပ်ပြိုင်ပွဲတွေနဲ့ အကျဉ်းဦးစီးဌာန ဝန်ထမ်းမိသားစုတွေရဲ့ မီတာ(၅၀)အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲနှင့် မုန့်ကိုက်ပြိုင်ပွဲတွေကို ကျင်းပပေးခြင်းဖြစ်ပါတယ်။ မုံရွာအကျဉ်းထောင်က အကျဉ်းသား အကျဉ်းသူတွေနဲ့ ဝန်ထမ်းတွေကို ပြင်ပကသူတွေလို လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် အမှတ်တရနဲ့ ကိုယ်ရောစိတ်ပါ ပျော်ရွှင်စေဖို့အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါ ပြိုင်ပွဲများအပြီးတွင် ဝန်ထမ်းမိသားစုများအား လွတ်လပ်ရေးနေ့အထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## ကျောက်မြို့၌ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဟောပြော

**ကျော ဇန်နဝါရီ ၄**

ယာဉ်မောင်းသူများ လိုက်နာရန်စည်းကမ်းချက်များ ရှင်းလင်းပွဲကို ဇန်နဝါရီ ၃ ရက်က ဂန့်ဂေါမြို့နယ် ကျောမြို့ သစ်ထုတ်ရေးရိပ်သာ၌ ပြုလုပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် အမှတ် (၁၆) ယာဉ်ထိန်းရဲတပ်ဖွဲ့ တပ်စုမှူး ရဲအုပ် ဝင်းနိုင်တို့က ယာဉ်မောင်းသူများ လိုက်နာရမည့်စည်းကမ်းချက်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ စီးနင်းခြင်းမပြုရန်၊ ယာဉ်တိုက်မှုဖြစ်လျှင် လိုက်နာရမည့်စည်းကမ်းများ၊ ခြေကျင်လျှောက်သူများ လိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပေးချက်၊ ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေတို့ကို ရှင်းလင်းခဲ့သည်။

အဆိုပါ ရှင်းလင်းပွဲသို့ ကျောမြို့ရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နာရေးကူညီမှုအသင်းများမှတာဝန်ရှိသူများ တက်ရောက်ကြသည်။ **(၄၆၅)**

# ၂၀၁၆ ရဲ့ အကျော်ကြားဆုံးသော ဟောလိဝုဒ်စုံတွဲ

၂၀၁၅ ကုန်လို့နှစ်သစ်ကို ကူးပြောင်းတဲ့ကာလဖြစ်တဲ့ ခရစ္စမတ်နဲ့ နှစ်သစ်ကူးကာလ အားလပ်ရက်တွေအတွင်းမှာ အတူတွဲတွေ့လာရတဲ့ ဟောလိဝုဒ်ရဲ့စုံတွဲသစ်တစ်တွဲကတော့ ဗြိတိန်ပေါ့ပ်အဆိုတော် ဟယ်ရီစတိုင်လ်နဲ့ နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်သူ ကန်ဒဲလ်ဂျန်နာတို့ပါပဲ။

ခရစ္စမတ်နဲ့ နှစ်သစ်ကူးရက်တွေသာ ကုန်ဆုံးသွားခဲ့ပေမယ့် အသက် (၂၁)နှစ်အရွယ် "One Direction"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီနဲ့ အသက် (၂၀)အရွယ် ကန်ဒဲလ်တို့နှစ်ဦးရဲ့ စိန့်ဘက်သ်က ပျော်စရာနေ့ရက်တွေကတော့ ရပ်တန့်မသွားသေးပါဘူး။

အားလပ်ရက်ခရီးစဉ်အတွင်း အပျော်စီးသင်္ဘောကိုစီးကာ ပင်လယ်ရေပြင်ပေါ်မှာ ကျင်းပခဲ့တဲ့ သူတို့နှစ်ဦး ပြုလုပ်တဲ့ ပါတီပွဲမှာတော့ သူတို့နှစ်ဦးစလုံးရဲ့ မိခင်ဖြစ်သူတွေနဲ့ နာမည်ကျော်တွေကို ဖိတ်ခေါ်ခဲ့ပါတယ်။ ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့တဲ့ ယင်းပါတီပွဲက ကန်ဒဲလ်နဲ့ ဟယ်ရီတို့နှစ်ဦးရဲ့ ဓာတ်ပုံတွေကို ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဟယ်ရီဟာ ပေါ့ပ်အဆိုတော်တေလာဆွစ်နဲ့ ယခင်က ချစ်သူတွေပါ။ ကန်ဒဲလ်ဟာလည်း တေလာရဲ့ သူငယ်ချင်းတစ်ဦးဖြစ်ပါတယ်။ သူတို့နှစ်ဦး ယခုလို ချစ်သူတွေအဖြစ်လက်တွဲခဲ့ခြင်းအပေါ် တေလာကတော့ တစ်စုံတစ်ရာ မှတ်ချက်ပေးခဲ့ခြင်း မရှိပါဘူး။

ဒါ့အပြင် "One Direction"ရဲ့ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သူ ဇေမာလိခ်နဲ့ ကန်ဒဲလ်ရဲ့ အချစ်ဆုံးသူငယ်ချင်းတစ်ဦးဖြစ်တဲ့ ဂီဂီဟာဒစ်တို့ နှစ်ဦးဟာလည်း ၂၀၁၅ နှစ်ကုန်ပိုင်းလောက်မှာ တရားဝင်လက်တွဲခဲ့ကြသူတွေပါ။ သူငယ်ချင်းနှစ်ဦးရဲ့ ချစ်သူတွေဖြစ်ကြတဲ့ ဇေနဲ့ ဟယ်ရီတို့နှစ်ဦးကတော့ ဇေအဖွဲ့က နုတ်ထွက်ခဲ့တဲ့ ၂၀၁၅ ခုနှစ် မတ်လကစလို့ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်ပြုလုပ်ခြင်း၊ စကားပြောခြင်းမရှိတော့ပါဘူး။

ကန်ဒဲလ်ရဲ့ ပရိသတ်တွေကတော့ ဟယ်ရီနဲ့လက်တွဲချိန်မှာ သူ့အနေနဲ့ ပျော်ရွှင်နေတာကိုကြည့်ပြီး သူတို့နှစ်ဦးဟာ တကယ်ပဲ ဖူးစာဖက်အမှန်တွေ ရယ်လို့ မှတ်ချက်ပေးကြပါတယ်။



## ဗြိတိန်တေးဂီတလောကမှာ နံပါတ်တစ်နေရာရနေတဲ့ ဂျက်စတင်ဘီဘာရဲ့ Purpose

ကနေဒီယန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျက်စတင်ဘီဘာရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ်ဖြစ်တဲ့ "Purpose"မှာပါဝင်တဲ့ ခေါင်းစီးတေးသီချင်း"Purpose" ဟာ ဗြိတိန်ထိပ်တန်းတေးသီချင်းတွေရဲ့ ဇယားမှာ ထိပ်ဆုံးကနေဦးဆောင်နေကြောင်း အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဂျက်စတင်ဘီဘာရဲ့ ပဉ္စမမြောက်တေးအယ်လ်ဘမ်ဖြစ်တဲ့ ယင်းတေးအယ်လ်ဘမ်ဟာလည်း ၂၀၁၅ နှစ်ကုန်မှာ တေးအယ်လ်ဘမ်စုစုပေါင်း တစ်သန်းကျော်ရောင်းချခဲ့ရပြီး ရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်တစ်ခုဖြစ်လာခဲ့ပါတယ်။

ဂျက်စတင်ဘီဘာဟာ ယင်းတေးအယ်လ်ဘမ်မှာ သူ့ရဲ့ ချစ်သူဟောင်းဆယ်လီနာဂိုမက်ဇ်ကို ရည်ရွယ်ရေးသားထားတဲ့ တေးသီချင်းသုံးပုဒ် ပါဝင်ကြောင်း ဆိုခဲ့ပါတယ်။ ၂၀၁၅ နှစ်ကုန်ပိုင်းမှာ ဘီဘာဟာ ဆယ်လီနာကို သူ့ဘက်စိတ်ပြန်လည်လာအောင် အမျိုးမျိုးပြောဆိုသိမ်းသွင်းခဲ့ပါတယ်။ ဆယ်လီနာကလည်း သံယောဇဉ်မကုန်သေးတဲ့ သဘောဆောင်ပြီး သူတို့နှစ်ဦးကို အတူတွဲတွေ့ခဲ့ရပါသေးတယ်။

ဒါပေမယ့် နောက်ပိုင်းမှာ ဆယ်လီနာဟာ "One Direction"က အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ လီယမ်နဲ့ သတင်းတွေထွက်ခဲ့ပါတယ်။ ဂျက်စတင်ဘီဘာကလည်း သူ့ရဲ့ နှစ်သစ်ကူးခရီးစဉ်တစ်လျှောက် နာမည်ကျော်မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့အတူ ဖြတ်သန်းခဲ့ပါတယ်။ ဟေးလေးနဲ့တွဲမတွေ့ရခင်မှာလည်း ဘီဘာဟာ ကလေးနှစ်ဦးရဲ့မိခင် ကောင်တနီကင်မ်ကာဒါးရှီးယန်းနဲ့ လက်တွဲခဲ့ပါသေးတယ်။ ၂၀၁၅ ခုနှစ်မှာလည်း ဘီဘာဟာ ယခင်နှစ်တွေကလိုပဲ ချစ်သူတွေကို ထည်လဲတွဲခဲ့ပါတယ်။

ဒါပေမယ့် ယခုနှစ်မှာ ပြန်လည်ထွက်ရှိခဲ့တဲ့ ဂျက်စတင်ဘီဘာရဲ့ တေးအယ်လ်ဘမ်သစ်ကတော့ ၂၀၁၅ကို အောင်မြင်မှုတွေနဲ့အတူ နှုတ်ဆက်နိုင်ခဲ့ပါတယ်။ ဘီဘာဟာ သူ့ရဲ့ဂီတလုပ်ငန်းတွေကို နှစ်နှစ်ကြာခန့် ရပ်နားထားခဲ့ပြီး ၂၀၁၅ မှာမှ ပြန်လည်စတင်ခဲ့တာပါ၊ ဒါ့ကြောင့် ပြီးခဲ့တဲ့နှစ်ဟာ ဘီဘာအတွက် ဂီတနဲ့ပတ်သက်ရင် အောင်မြင်တဲ့ နှစ်တစ်နှစ်လို့ ဆိုနိုင်ပါတယ်။

ဂျက်စတင်ဘီဘာရဲ့ "Purpose"နဲ့အပြိုင် ထိပ်ဆုံးက ရပ်တည်နေတဲ့ တေးအယ်လ်ဘမ်တစ်ခုကတော့ အဒဲလ်ရဲ့ "Hello"ပဲ ဖြစ်ပါတယ်။

## အဒဲလ်ရဲ့ သီချင်းကို ပြန်ဆိုလိုက်တဲ့ စလင်းဒီယွန်

"Titanic"ရုပ်ရှင်ကားမှ ဇာတ်ဝင်တေးသီချင်း"My Heart Will Go On"ဖြင့် နာမည်ကျော်တစ်ဦးဖြစ်လာခဲ့သော အဆိုတော်စလင်းဒီယွန်က ၂၀၁၅ ခုနှစ်တွင် တေးဂီတနှင့် ပတ်သက်သည့် စံချိန်များကို ချိုးနိုင်ခဲ့သော ဂရမ်မီဆုရှင်များရှင် အဒဲလ်၏ နောက်ဆုံးထွက်ရှိခဲ့သော တေးသီချင်းသစ် "Hello"ကို ပြန်လည်သီဆိုခဲ့သည်။

အသက် (၄၇)နှစ်အရွယ် စလင်းဒီယွန်က ပြီးခဲ့သည့် ကြာသပတေးနေ့တွင် လက်စ်ဗီးဂတ်စ်၌ ကျင်းပခဲ့သော နှစ်သစ်ကူးအကြိုဖျော်ဖြေပွဲတစ်ခုတွင် ယခုကဲ့သို့ ပြန်လည်ဆန်းသစ်ကာ ကိုယ်ပိုင်ဟန်ဖြင့် သီဆိုခဲ့သည်။ အဒဲလ်၏တေးသီချင်းကို ပြန်ဆိုတေးအဖြစ်ဖျော်ဖြေခဲ့ခြင်းနှင့် ပတ်သက်၍လည်း စလင်းဒီယွန်က ပရိသတ်အား နှစ်သစ်ကူးလက်ဆောင်သစ်တစ်ခုပေးလိုခြင်းကြောင့် ဖြစ်ကြောင်းနှင့် အပျော်သဘောသီဆိုခြင်းသာဖြစ်ကြောင်း ပရိသတ်ကို ပြောကြားခဲ့သည်။

စလင်းဒီယွန်သည် အဒဲလ်၏ တေးသီချင်းအစတွင် စန္ဒရားတီးလုံးနှင့်စခဲ့ပြီး တေးသီချင်းသီဆိုနေစဉ်၌လည်း နှစ်သစ်ကိုနှုတ်ဆက်သည့် "Happy New Year"တေးစာသားများကို ထည့်သွင်းသီဆိုခဲ့သည်။

အဒဲလ်နှင့် စလင်းဒီယွန်တို့နှစ်ဦးစလုံးသည် ယနေ့ခေတ်တေးဂီတလောကတွင် အကျော်ကြားဆုံးသော တေးသံရှင်များဖြစ်ကြသည်။



## ၂၀၁၆ ခုနှစ်အတွက် အစီအစဉ်တွေကို ဖွင့်ပြောလိုက်တဲ့ AOA

တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "AOA"က သူတို့အဖွဲ့ရဲ့ ၂၀၁၆ ခုနှစ်အတွက် အစီအစဉ်တွေကို ဇန်နဝါရီ ၁ ရက်မှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ "AOA"ရဲ့ ထုတ်ဖော်ပြောကြားချက်အရ ၂၀၁၆ အတွင်းမှာ တေးအယ်လ်ဘမ်သစ်တစ်ခုကို ထုတ်လုပ်သွားမှာ ဖြစ်ကြောင်းသိရပါတယ်။

လတ်တလောမှာ "AOA" ရဲ့ အဖွဲ့ဝင်အားလုံးဟာ သီးခြားအနုပညာလှုပ်ရှားမှုတွေနဲ့ ကိုယ်စီကိုယ်စီ အလုပ်များမအားမလပ်ဖြစ်နေကြပေမယ့် ယင်းတေးအယ်လ်ဘမ်ကို ၂၀၁၆ ရဲ့ ပထမနှစ်ဝက်မတိုင်မီ အပြီးထုတ်လုပ်သွားနိုင်ရန် အချိန်ပေးကာ ဆောင်ရွက်နေကြပါတယ်။ သူတို့ဟာ လတ်တလောမှာ တေးသီချင်းအသံသွင်းတာနဲ့ အကလေ့ကျင့်တာတွေပြုလုပ်နေကြတယ်လို့ စွန်ပီဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လက ထုတ်လွှင့်ခဲ့တဲ့ အဖွဲ့ရဲ့တေးသီချင်း "Heart Attack"ဟာ ပရိသတ်တွေကြားမှာ အထူးရေပန်းစားခဲ့တာကြောင့် ကုန်ဆုံးသွားခဲ့ပြီဖြစ်တဲ့ ၂၀၁၅ ခုနှစ်ဟာ "AOA"အတွက် အောင်မြင်တဲ့နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။

အေးပြည့် စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၅ - ၁ - ၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား New Channel

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | စိမ်းလန်းစိုပြေပုပ္ပါးမြေ |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၁း၃၅ | ပြည့်စုံကျန်းမာအရိုးရောဂါ |
| ၁၂း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၆၀) |
| ၁း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့နှလုံးသား" (အပိုင်း-၄၀) |
| ၂း၁၀ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၃း၃၅ | အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၄း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(စွမ်းဆောင်ရည်ပြည့်ဝသော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်လာရန် လိုအပ်ချက်များ(အပိုင်း-၂)) |
| ၆း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်စင်ခတဲ့ နှလုံးသား" (အပိုင်း-၄၁) |
| ၈း၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု" (အပိုင်း-၆၁) -Yes or No Talk Show -Channel Zero (အပိုင်း-၁၂) (ဇာတ်သိမ်း) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | |
|---|---|
| ၆း၀၀ | အဖွင့် -သံသာချိုအေးမင်္ဂလာတေး |
| ၆း၂၀ | ပြည်သူ့နီတိ "အတ္တနွံ" |
| ၆း၂၅ | တေးဂီတအစီအစဉ် |
| ၆း၄၀ | ဝတ်စားဆင်ယင်မှုပြပွဲ |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၃) |
| ၇း၄၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၇၂) |
| ၈း၂၅ | "မကင်းရာမကင်းကြောင်း" |
| ၈း၃၅ | ဟိုးတုန်းက. . ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ" နှလုံးသားနဲ့ရဲတာဝန်" (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ)[(ဒါရိုက်တာ-သီတာလင်း(Laurel Art Academy)] |
| ၉း၃၀ | တေးဂီတအစီအစဉ် |
| ၉း၄၀ | ပြည်သူ့နီတိ "အတုမြင်အတတ်သင်" |
| ၉း၅၅ | ASEAN China Cultural Show |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ကြိုးဝိုင်းထဲက သံယောဇဉ်" (အောင်ရဲလင်း၊ မိုးဟေကို) (ဒါရိုက်တာ-ကြည်ဖြူသျှင်) |

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅း၄၀ | "ပရိယေသနသုတ္တန်" တရားတော် [ဆရာတော်အရှင်စန္ဒသိရီ (အောင်စကြာဆရာတော်)] |
| ၁၁း၀၅ | သွားမယ် စားမယ် [Feel Cafe (Part-2)] |
| ၁၁း၃၀ | Forever Music Tribute Bossa (အပိုင်း-၃) (ဒုတိယပိုင်း) |
| ၁၁း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၂၉) |
| ၁၂း၂၅ | ကြည်ညိုဖွယ်ရာ မဇ္ဈိမဒေသမှ ဘုရားစေတီပုထိုးများ |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၀) |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၂) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆၃) |
| ၇း၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝက်ပါစံအိမ်" (အပိုင်း-၃၁) |
| ၈း၁၀ | ရသစုံညွှန်တမ်းများ |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားက မေတ္တာများ" (အပိုင်း-၈၆) |
| ၉း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တော်ဝင်သူရွှေမျက်နှာ" (အပိုင်း-၃၀) |
| ၁၀း၀၅ | MRTV-4 Stage |
| ၁၀း၃၅ | World of Knowledge (Built For The Kill Killer Cannies) |

### mitv

| | |
|---|---|
| 07:26 | Ancient Shwe-San-Taw Pagoda |
| 07:41 | Innovative Handiworks Based On The Art Of Line Drawing |
| 08:26 | Orchidologist Dr. Saw Lwin |
| 08:47 | Crab Business (Part-II) Soft Shell Crab |
| 09:26 | Life In Night ……..Art In Life (Ep-1) |
| 10:26 | Hanlin, A Treasure Trove Of The Ancient Pyu City |
| 10:51 | Today Myanmar: New Tech Challenges |
| 07:26 | A Day Out With Sarah (EP-7) |
| 07:53 | Traditional Snacks |
| 08:26 | Discovering Tribes "Gaybar Kayin" |
| 08:47 | Fortune Teller: "Yan Moe Aung" |

## ပရီမီယာလိဂ်အသင်းတွေက အလိုရှိနေဆဲ ရိုနယ်လ်ဒင်ညို

ဘာစီလိုနာနဲ့ ဘရာဇီးတောင်ပံတိုက်စစ်မှူးဟောင်း ရိုနယ်လ်ဒင်ညိုကို ပရီမီယာလိဂ်အသင်းတစ်သင်းထက်မက အသင်းတွေက ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ ကစားသမားရဲ့ အစ်ကိုလည်းဖြစ်၊ ကိုယ်စားလှယ်လည်းဖြစ်သူ ရောဘတ်တိုက ဂိုးဒေါ့ကွန်းကို သတင်းပေးခဲ့ပါတယ်။ ရိုနယ်လ်ဒင်ညိုက ဘရာဇီးကလပ် ဖလူမင်နီအသင်းနဲ့ လမ်းခွဲပြီးနောက် လက်ရှိမှာ အသင်းလက်မဲ့ဖြစ်နေသူပါ။ ဒီဘရာဇီးကြယ်ပွင့်ကစားသမားဟောင်းဟာ မီလန်က ထွက်ခွာသွားပြီးနောက်မှာ ဖလူမင်နီအသင်းနဲ့ နှစ်ကြိမ်၊ မီနီရီယို၊ ကွယ်တာရိုအသင်းတွေဆီမှာ ပြောင်းရွှေ့ကစားခဲ့ပြီးချိန်မှာတော့ အခြားကလပ်အသင်းသစ်တစ်ခုကို ပြောင်းရွှေ့ကစားဖို့ စိတ်အားထက်သန်နေတာ ဖြစ်ပါတယ်။

သူ့ကို အမေရိကန် မေဂျာလိဂ်အသင်းတွေနဲ့ အာရှကလပ်အသင်းတွေက ခေါ်ယူဖို့ ကြိုးပမ်းနေပေမယ့် ယှဉ်ပြိုင်မှုပြင်းထန်တဲ့ ပရီမီယာလိဂ်ကိုသာ ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ရောဘတ်တိုဟာ ပရီမီယာလိဂ်ကလပ်တွေက ရော်နယ်ဒင်ညိုကို ခေါ်ယူဖို့ ချိတ်ဆက်နေတယ်လို့ အတည်ပြုခဲ့ပေမယ့် ဒီကလပ်အသင်းတွေရဲ့အမည်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပါဘူး။

ရိုနယ်လ်ဒင်ညိုက ၂၀၀၃ မှာ ပီအက်စ်ဂျီက ထွက်ခွာပြီးနောက် ဘာစီလိုနာကို မပြောင်းရွှေ့ခင် မန်ယူကိုရောက်ဖို့ နီးစပ်ခဲ့သေးသလို၊ ၂၀၁၁ မှာ ဘလက်ဘန်းအသင်းကို ပြောင်းရွှေ့ဖို့ အခြေအနေတွေရှိခဲ့ပေမယ့် ဒီနှစ်ကြိမ်လုံးဟာ ပြီးပြည့်စုံတဲ့အပြောင်းအရွှေ့အဖြစ် ဖြစ်မြောက်လာခြင်း မရှိခဲ့ပါဘူး။ ဒါကြောင့် သူက အခုတစ်ကြိမ်မှာတော့ အခြေအနေပေးရင် ပရီမီယာလိဂ်ကို ဦးစားပေးအနေနဲ့ ရွှေ့ပြောင်းလိုနေတာဖြစ်ပါတယ်။

ဒါ့အပြင် ရောဘတ်တိုက လက်ရှိမှာ ရိုနယ်လ်ဒင်ညိုဟာ ဒဏ်ရာပြဿနာကင်းစင်နေသလို အနည်းဆုံးနောက်လေးနှစ်လောက်အထိ ဆက်ကစားနိုင်ဦးမှာဖြစ်တာကြောင့် ပရီမီယာလိဂ်လို ကာယပိုင်းဦးစားပေးတဲ့လိဂ်မှာ ကစားပေးဖို့ ပြဿနာမရှိဘူးလို့လည်း အာမခံပြောကြားလိုက်ပါတယ်။ သေချာတာကတော့ လာမယ့်ဖေဖော်ဝါရီမှာ ကလပ်အသင်းသစ်တစ်သင်းကို ပြောင်းရွှေ့မှာဖြစ်ပြီး ဒီတစ်ခေါက် အသင်းပြောင်းရွှေ့ကစားမှုက ငွေကြေးသက်သက်အတွက် ရွေးချယ်တာမဟုတ်ဘဲ နာမည်ကျန်ခဲ့ဖို့ကိုသာ ဦးစားပေးမှာဖြစ်တာကြောင့် ဘာတွေဖြစ်လာမလဲဆိုတာ သူကိုယ်တိုင်သေချာမသိသေးဘူးလို့ ရောဘတ်တိုက ဆိုပါတယ်။ **(မေလှဲ့သင်း)**





## ရီးယဲလ်၏စိတ်ဓာတ်ကောင်းကို ပြသနိုင်သည့်ပွဲဟု ရာမို့စ်ကြွေးကြော်

ရီးယဲလ်မှာ ဗလန်စီယာအား အနိုင်ရအောင်ကစားနိုင်ခြင်းမရှိခဲ့သော်လည်း ယင်းပွဲစဉ်တွင် ရီးယဲလ်၏ စိတ်ဓာတ်နှင့် ပုံရိပ်ကောင်းကို ပြသနိုင်ခဲ့သည့်အတွက် ကျေနပ်မိကြောင်း အသင်းခေါင်းဆောင် ရာမို့စ်က ဆိုလိုက်သည်။ အဆိုပါပွဲ၌ မာတီယို ကိုဗာဆစ် အထုတ်ခံရပြီးနောက် ရီးယဲလ်မှာ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသော်လည်း အဝေးကွင်း၌ ကစားရခက်ခဲသော ဗလန်စီယာကို နှစ်ဂိုးစီ သရေကျအောင်ကစားနိုင်ခဲ့သည်။

ယင်းသရေပွဲရလဒ်ကြောင့် ရီးယဲလ်မှာ အမှတ်ပေးဇယားထိပ်မှ အက်သလက်တီကိုနှင့် လေးမှတ်အထိကွာဟသွားခဲ့သော်လည်း ရာမို့စ်ကမူ ဘင်နီတက်ဇ်၏ တည်ငြိမ်ပြည့်ဝသော ဦးဆောင်မှုအပေါ် အမှတ်ပြည့်ပေးလိုကြောင်း ချီးကျူးခဲ့သည်။ ယင်းပွဲစဉ်တွင် ရီးယဲလ်မှာ နှစ်ကြိမ်တိုင်တိုင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗလန်စီယာအသင်း၏ ချေပဂိုးများကြောင့် သုံးမှတ်ပြည့် ရယူနိုင်ခြင်းမရှိခဲ့ပေ။

ရာမို့စ်က ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်မှာ မှားယွင်းသည်ဟု မယူဆနိုင်သော်လည်း ဂါရတ်ဘေးလ်အနေဖြင့် ပင်နယ်တီ ရရှိသင့်ကြောင်း၊ ထို့ကြောင့် ရလဒ်ပိုင်းတွင် ရီးယဲလ်မှာ နစ်နာခဲ့ရကြောင်း၊ လာလီဂါချန်ပီယံဆုစာရင်းအတွက်ပြောရန် အချိန်စောသေးကြောင်းလည်း ပြောကြားခဲ့သည်။

ဘင်နီတက်ဇ်မှာ ရီးယဲလ်က ဘာစီလိုနာအား လေးဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော ပွဲစဉ် အပြီးကတည်းက ထုတ်ပယ်ခံရရန် ရေပန်းစားနေခဲ့သူဖြစ်ပြီး ကိုပါဒယ်ရေးဖလားပွဲတွင် ချီရီရှက်ဗ် အသုံးပြုခဲ့သောကိစ္စရပ်ကြောင့်လည်း ဖိအားပိုမိုများနေခဲ့သူဖြစ်သည်။ ယခုနောက်ပိုင်း ဘာစီလိုနာ၏ သရေပွဲဆက်မှုအခြေအနေအပေါ် အခွင့်အရေးမယူနိုင်ခဲ့ဘဲရှုံးပွဲနှင့် သရေရလဒ်များကိုသာ ဖော်ဆောင်နိုင်ခဲ့သဖြင့် ဘင်နီတက်ဇ်နေရာတွင် ရီးယဲလ်(ခ)အသင်းနည်းပြ ဇီဒန်းနှင့် အစားထိုးရန် အခြေအနေမှာ တဖြည်းဖြည်းနီးကပ်လာပြီဟု စပိန်သတင်းစာမာကာက ဖော်ပြခဲ့သည်။

**(မေလှဲ့သင်း)**

## ဒဏ်ရာပြဿနာကြောင့် ဗာဒီအနားယူရမည်

လက်စတာတိုက်စစ်မှူး ဗာဒီအနေဖြင့် ပေါင်ခြံဒဏ်ရာကို အသေးစားခွဲစိတ်ကုသမှုခံယူရမည်ဖြစ်သောကြောင့် ရက်သတ္တပတ်(သို့မဟုတ်) နှစ်ပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း ဘီဘီစီရေဒီယိုက ဇန်နဝါရီ ၃ ရက်ညပိုင်းတွင် ထုတ်လွှင့်ကြေညာလိုက်သည်။ ဗာဒီသည် ခါးရိုးနှင့် ခြေချင်းဝတ်တို့တွင် ဒဏ်ရာပြဿနာအကင်းမသေသလို အဖျားရှိနေသော်လည်း လက်စတာ၏ အရေးကြီးပွဲစဉ်များကို ဝင်ရောက်ကစားပေးခဲ့ရသည်။ ဗာဒီသည် ယခုနှစ်ဘောလုံးရာသီတွင် လက်စတာအတွက် စုစုပေါင်းသွင်းဂိုး ၁၅ ဂိုးအထိသွင်းယူပေးထားသော်လည်း နည်းပြ ရာနီရေရီကမူ ဗာဒီအား အသေးစားဒဏ်ရာပြဿနာအား ခွဲစိတ်ကုသရန်အတွက် နှစ်ပတ်တာကာလအနားပေးရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

ဗာဒီက "ကျွန်တော် အာဂ်လန်အသင်းနဲ့အတူ ယူရိုဖလားဝင်နွှဲခွင့်ရဖို့ စိုးရိမ်ပူပန်ခြင်းမရှိပါဘူး။ ဒါပေမယ့် အနားယူပြီး အိပ်ရာထဲမှာ အချိန်တွေတော့ မကုန်ဆုံးစေချင်ပါဘူး။လီဗာပူးကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ ကျွန်တော့်ရဲ့ဒဏ်ရာက ပိုဆိုးလာတယ်လို့ ထင်ရတဲ့အတွက် အနားယူခိုင်းဖို့ နည်းပြက ဆုံးဖြတ်ခဲ့တာပါ" ဟု ဆိုသည်။

ဗာဒီသည် အသေးစား ဒဏ်ရာပြဿနာရှိနေသော်လည်း ဘုန်းမောက်နှင့်ပွဲတွင် ပွဲချိန်ပြည့် ဝင်ရောက်ကစားပေးခဲ့သည်။ လက်စတာသည် လီဗာပူးအား ရှုံးနိမ့်ခဲ့ပြီးနောက် မန်စီးတီးနှင့် ဘုန်းမောက်တို့အား နှစ်ပွဲဆက်တိုက် သရေကျခဲ့ရာ ပရီမီယာလိဂ် အမှတ်ပေးဇယား ထိပ်ဆုံးနေရာအား အာဆင်နယ်ကို လွှဲပြောင်းပေးခဲ့ရသည်။ **(မေလှဲ့သင်း)**

## အိုင်ဗန်နိုဗစ်အားခေါ်ယူရန် အေစီမီလန်ပစ်မှတ်ထားနေ

အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ချယ်လ်ဆီးအသင်း၏ အားထားရသည့် နောက်တန်းကစားသမား အိုင်ဗန်နိုဗစ်အား အီတလီမြေသို့ ယခုဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်း ခေါ်ယူသွားရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ဆားဘီးယားနောက်တန်းကစားသမား အိုင်ဗန်နိုဗစ်သည် ဖေဖော်ဝါရီလတွင် အသက်(၃၂)နှစ်ပြည့်တော့မည်ဖြစ်ပြီး ၎င်း၏ ချယ်လ်ဆီးအသင်းနှင့် စာချုပ်သက်တမ်းမှာ ခြောက်လကျန်ရှိနေခြင်းကြောင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန်လည်း သဘောတူညီမှုရရှိထားသူဖြစ်သည်။

နောက်တန်းကစားသမား အိုင်ဗန်နိုဗစ်သည် ဆားဘီးယားလက်ရွေးစင်အသင်းအတွက် ၈၃ ပွဲပါဝင်ကစားပေးခဲ့ပြီး ယခုနှစ်ဘောလုံးရာသီမတိုင်မီက ပရီမီယာလိဂ်တွင် အကောင်းဆုံးနောက်တန်းကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသူဖြစ်သည်။

အိုင်ဗန်နိုဗစ်သည် ပြီးခဲ့သည့်လများအတွင်း အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများပြုလုပ်ခဲ့ပြီး အေစီမီလန်အသင်းကလည်း အိုင်ဗန်နိုဗစ်အား ခေါ်ယူရန်ဆန္ဒရှိနေကြောင်း သိရသည်။

**(ငွေကြယ်)**

## ဂွါဒီယိုလာမှာ နည်းပြလောကတွင် အကောင်းဆုံးဟုဆို

ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာသည် နည်းပြလောကတွင် အကောင်းဆုံးဖြစ်ကြောင်း ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား အယ်လ်ကန်တာရာက ၎င်း၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

ထို့ပြင် ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား အယ်လ်ကန်တာရာအနေဖြင့် ယခုနှစ်ဘောလုံးရာသီကုန်တွင် နည်းပြဂွါဒီယိုလာ ဘိုင်ယန်မြူးနစ်အသင်းကနေ ထွက်ခွာမည်ဆိုသည့်ဆုံးဖြတ်ချက်နှင့်ပတ်သက်၍လည်း စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။ နည်းပြဂွါဒီယိုလာသည် ၎င်း၏ လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည့် ဇွန်လတွင် ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ်မှ ထွက်ခွာမည်ဖြစ်ကြောင်း ပြီးခဲ့သည့်လက အတည်ပြုပြောကြားခဲ့ပြီး နည်းပြဂွါဒီယိုလာ၏နေရာတွင် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြဟောင်း အန်ဆလော့တီနှင့် အစားထိုးမည်ဖြစ်ကြောင်းလည်း သိရသည်။

အယ်လ်ကန်တာရာသည် နည်းပြဂွါဒီယိုလာလက်အောက်တွင် ဘာစီလိုနာအသင်းအတွက်ရော ဘိုင်ယန်မြူးနစ် အသင်းမှာပါ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး အယ်လ်ကန်တာရာကို ၂၀၁၃ ခုနှစ်အတွင်းက ဘာစီလိုနာ အသင်းနည်းပြဟောင်း ဂွါဒီယိုလာက ၎င်းရှိရာ ဘိုင်ယန်မြူးနစ်အသင်းသို့ ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းနည်းပြ ဂွါဒီယိုလာအား ချယ်လ်ဆီးအသင်း၊ မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။ နည်းပြဂွါဒီယိုလာမှာ နည်းပြလောကတွင် အကောင်းဆုံးနည်းပြ တစ်ဦးဖြစ်ကြောင်းလည်း ကွင်းလယ်ကစားသမား အယ်လ်ကန်တာရာက ပြောကြားခဲ့သည်။ **(ငွေကြယ်)**



# ကော့သောင်းမြို့ ဘုရင့်နောင်ဈေး၌ မီးလောင်မှုဖြစ်ပွား



**ကော့သောင်း ဇန်နဝါရီ ၄**

ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဘုရင့်နောင်ဈေး ပထမထပ် ဈေးဆိုင်ခန်းတစ်ခုတွင် ယနေ့ နံနက် ၁၀ နာရီက မီးလောင်မှုတစ်ခုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နံနက် ၁၀ နာရီခန့်က ဘုရင့်နောင်ဈေး ပထမထပ်ရှိ ဆေးရွက်ကြီးနှင့် အခြားကုန်ပစ္စည်းများသိုလှောင်ထားရာ(ပစ္စည်းပိုင်ရှင်စိစစ်ဆဲ)သိုလှောင်ထားသည့် ဆိုင်ခန်းများမှ ဆေးရွက်ကြီး အထုပ်များ အပူအောင်း၍ အပူလွန်ကဲမှုကြောင့် မီးစတင်လောင်ကျွမ်းရာ ဈေးသူဈေးသားများက မီးသတ်ဆေးဘူးများဖြင့် ကနဦး ဝိုင်းဝန်းငြှိမ်းသတ်ကြပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် မီးငြှိမ်းသတ်ရာ နံနက် ၁၀ နာရီခွဲခန့်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မီးလောင်ဆုံးရှုံးမှုတန်ဖိုးကို အတည်ပြုနိုင်ခြင်းမရှိသေးဘဲ မီးစတင်လောင်ကျွမ်းသည့် ကုန်ပစ္စည်းများသိုလှောင်ထားသည့် ပိုင်ရှင်အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

# မျက်နှာချင်းဆိုင်တွေ့၍ ရှောင်တိမ်းရာမှ ယာဉ်တိမ်းမှောက်မှုဖြစ်

**မြောင်းမြ ဇန်နဝါရီ ၄**

မော်တော်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တွေ့၍ လမ်းရှောင်ကြရာမှ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်တစ်ခု ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့ မြကန်သာရပ်ကွက် မြို့အပြင်ပတ်လမ်း၌ ဇန်နဝါရီ ၂ ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၅ နာရီခန့်က လပွတ္တာမှ မြောင်းမြသို့ လပွတ္တာမြို့(၁၀)ရပ်ကွက်နေ ထိန်လင်း (၃၆)နှစ်မောင်းနှင်လာသည့် 3B/----- နစ်ဆန်းအမျိုးအစား ကုန်တင်ယာဉ်သည် စပါးအိတ်များတင်ဆောင်မောင်းနှင်လာစဉ် မြကန်သာရပ်ကွက် မြို့အပြင်ပတ်လမ်းအရောက် ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးနှင့် မျက်နှာချင်းဆိုင်ဆုံတွေ့၍ နောက်ဆုတ်ရှောင်တိမ်းပေးရာမှ အရှိန်မထိန်းနိုင်ဘဲတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်း ရှိ၊ မရှိ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်များပါရှိခြင်း ရှိ၊ မရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်ခဲ့ပြီး အခင်းဖြစ်နေရာသည် ဆောက်လုပ်ရေးဌာနမှ ကွန်ကရစ်ခင်းလုပ်ငန်းဆောင်ရွက်နေသည့် နေရာဖြစ်၍ လမ်းတစ်ခြမ်းသာ ယာဉ်များ မောင်းနှင်သွားလာနိုင်သဖြင့် ယာဉ်မောင်းများ သတိပြုမောင်းနှင်ကြရန်လိုအပ်သလို တစ်စီးနှင့်တစ်စီး နားလည်မှုရယူကာ မောင်းနှင်ကြရန်လိုကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒု-ရဲမှူး လှထွန်းကပြောသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

# တာချီလိတ်မြို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၄**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ ပြည်စိုး ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၆)ကို ဇန်နဝါရီ ၁ ရက်က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၉ ပြား၊ အိုက်စ် သုည ဒသမ ၀၈ ကီလိုနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၀၄ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် ပြည်စိုး(၃၃)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ စိုင်းခမ်းလိနှင့် အိုက်ကျိုင်းနွဲ့တို့ ငှားရမ်းနေထိုင်သည့် အခန်းအမှတ်(၁၉)ကို ဇန်နဝါရီ ၁ ရက်က ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀၀ဘိန်းဖြူ သုည ဒသမ ၀၂၁ ကီလို နှင့် အိုက်စ် သုည ဒသမ ၀၀၉ ကီလိုတို့ကို သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများရောင်းချခိုင်းသူ ကျော်သိန်းနိုင်အား ဖမ်းဆီးရမိသဖြင့် စိုင်းခမ်းလိ (၃၄)နှစ်၊ အိုက်ကျိုင်းနွဲ့(၁၉)နှစ်နှင့် ကျော်သိန်းနိုင်(၄၄) နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# နတ်တလင်းမြို့နယ်ရှိ သစ်တောကြိုးဝိုင်းအတွင်း ကျွန်းသစ်များသိမ်းဆည်းရမိ

**နတ်တလင်း ဇန်နဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် သာယာဝတီခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဝင်း၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးဇော်ဝင်းအောင်နှင့် ဝန်ထမ်းများပါဝင်သောအဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော အဖွဲ့တို့ ပူးပေါင်း၍ တောင်ညိုဘော်ဘင်ကြိုးဝိုင်းအတွင်း နယ်မြေရှင်းလင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ စစ်ဆေးရှာဖွေဆောင်ရွက်ခဲ့ရာ ကျွန်းသစ် ၈၄ ဒသမ ၂၅၈ တန် သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**(၀၇၁)**


## "အထူးလိုက်လှဲဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် ချစ်ခင်ပွန်း **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ Dr. ဦးစိုးသိန်း** အား **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် အထူးလိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ ချမ်းသာစွာဖြင့် ချစ်ဇနီးနှင့်အတူ နိုင်ငံတော်နှင့် သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းရွက်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ပြုအပ်ပါသည်။

**ချစ်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ၊ သီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## "လှိုက်လှဲစွာဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၆)ဖြင့် **သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ Dr. ဦးစိုးသိန်း (မန်နေဂျင်းဒါရိုက်တာ၊ ရွှေမနအောင်ကုမ္ပဏီလီမိတက်)** အား **"မဟာသဒ္ဓမ္မဇောတိကဓဇ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် ဆရာ့မိသားစုနှင့်ထပ်တူ အထူးပင်လှိုက်လှဲဝမ်းသာ ဂုဏ်ယူမိပါသည်။ နောင်တွင်လည်း ဆရာနှင့်မိသားစု သက်ရှည်ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာ့အကျိုးကိုလည်း ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်ဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**ရွှေမနအောင်ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ**

## "လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

၂၀၁၆ခုနှစ်၊ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၆) ဖြင့် ဒေါ်သက်သက်နိုင် (ဒါရိုက်တာ၊ ဇဗ္ဗူသီရိဟိုတယ်၊ နေပြည်တော်)အား "သုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**General Manager** နှင့်ဝန်ထမ်းများ
(ဇဗ္ဗူသီရိဟိုတယ်၊ နေပြည်တော်)

## "လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်းဂုဏ်ပြုလွှာ"

၂၀၁၆ ခုနှစ်၊ (၆၈) နှစ်မြောက်လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၁၆) ဖြင့် ဒေါက်တာသန်းသန်းနွဲ့ (**Director, Asia Plaza Hotel**) အား "သုဓမ္မသီဂီ" ဘွဲ့တံဆိပ်တော် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေရန် ဆုမွန်ကောင်းတောင်း၍ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

**General Manager** နှင့်ဝန်ထမ်းများ
(**Asia Plaza Hotel**)

New ရွှေလမ်း ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
09-250515335,09-258888973,09-258889910

## မွန်းလိုက် KTV

အောင်ဆန်း၊ အင်းစိန်
09-5116023, 09-254440925
KTV နှင့်ပတ်သက်သော ဝန်ထမ်းမျိုးစုံ အလိုရှိသည်။

## အမှန်များဖြစ်ကြောင်း

အုတ်တွင်းမြို့နယ်နေ ဦးသိန်းလွင်၏သား မောင်အောင်ဗလ [၇/အတန(နိုင်)၁၃၇၁၅၁] မွေးသက္ကရာဇ် (၅-၁၂-၁၉၉၇)တို့သည် ဖခင်အမည်အမှန် မိမိနာမည် အမည်အမှန်နှင့် မွေးသက္ကရာဇ်အမှန်များသာဖြစ်ပါသည်။

# သဘာဝချောင်းအတွင်းရွှေတူးဖော်မှုကြောင့် ဒေသခံများသုံးရေနှင့် ကျွဲနွားများသောက်သုံးရေအခက်တွေ့နေ

**ဝန်းသို ဇန်နဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ကျောင်းကုန်းကျေးရွာမှ ချောင်းဖျားကျေးရွာသို့ သွားရာလမ်းဘေးရှိ ချောင်းဖျားချောင်းထဲတွင် ရွှေသတ္တုရှာဖွေရေးလုပ်ငန်းများပြုလုပ်နေခြင်းကြောင့် ရေစီးဆင်းသည့်လမ်းကြောင်းများပျက်စီးကာ ရေတိုက်စားခြင်းကြောင့် မြေသားများပျက်စီးလာပြီး ဒေသခံများနှင့် ကျွဲ၊ နွားများအတွက် သောက်သုံးရေအခက်အခဲဖြစ်လာကြောင်း ဒေသခံများကပြောသည်။

အဆိုပါချောင်းဖျားချောင်း၌ ရွှေသတ္တုရှာဖွေရာတွင် မြေသားများမှ ရွှေရှိနိုင်အောင် ခြောက်လုံးထိုးအင်ဂျင်စက်မှ ခြောက်လက်မပိုက်လိုင်းများနှင့်ဆက်သွယ်ပြီး နှစ်လက်မသံပိုက်ခေါင်းများတပ်ဆင်၍ မြေသားများကို ရေနှင့် ရောနှောပြောင်းလဲပစ်ပြီး မျောဖလားများဖြင့်လုပ်ကိုင်ကြသဖြင့် စွန့်ပစ်မျောမြေစာများ ရွှံ့နွံများဖြင့်ရောနှောကာ ချောင်းထဲသို့စီးဆင်းသဖြင့် ရေများနောက်ကျိနေပြီဖြစ်သည်။

"အခု ရွှေသတ္တုရှာဖွေနေတဲ့ချောင်းဟာ ဝန်းသိုမြို့ထဲကိုစီးဆင်းတဲ့ ဒေါင်းမြူးချောင်းရဲ့ မြစ်ဖျားခံစီးဆင်းတဲ့ချောင်းပါ။ စားဝတ်နေရေးအရ ရှာဖွေတယ်ဆိုပေမယ့် ချောင်းမြောင်းတွေ မထိခိုက်အောင်လုပ်ဖို့တော့ လိုတာပေါ့။ အခုတော့ ချောင်းထဲမှာလုပ်နေကြတော့ ချောင်းရေကို ရှေးဘိုးဘွားတွေလက်ထက်ကတည်းက သောက်သုံးရေနဲ့ ရေချိုး၊ အဝတ်လျှော်ဖွပ်တာတို့ ကျွဲ၊ နွားသောက်သုံးရေအဖြစ်သုံးစွဲနေရတဲ့ ဒေသခံတွေ တန်ဖိုးထားရတဲ့ချောင်းပါ။ ဒါကြောင့် ချောင်းကိုမထိခိုက်အောင် စနစ်တကျစည်းကမ်းရှိရှိလုပ်စေချင်တာပါ" ဟု ကျောင်းကုန်းကျေးရွာက ဒေသခံတစ်ဦးကပြောသည်။

ယခုကဲ့သို့ စည်းကမ်းမဲ့ ရွှေသတ္တုရှာဖွေပြုလုပ်နေမည်ဆိုပါက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်နေသူများ အခက်တွေ့မည်ဖြစ်ကြောင်း လေ့လာသူများကသုံးသပ်သည်။

ယင်းလုပ်ငန်းမှထွက်သော စွန့်ပစ်မြေသားများကို သဘာဝပတ်ဝန်းကျင်စိမ်းလန်းစေသော သစ်ပင်ကြီးများစိုက်ပျိုးရာတွင် သုံးမည်ဆိုလျှင်လည်း မြေသားများမှာ ကျောက်သဲမြေများဖြစ်သဖြင့် သစ်ပင်များ ကြီးထွားလာပါက တည့်မတ်နိုင်မှုမရှိနိုင်သဖြင့် အဆင်မပြေနိုင်ကြောင်း၊ သို့ဖြစ်၍ လယ်ယာမြေများကို ကျေးရွာအခြေပြုနေထိုင်သူများ အကျိုးပြုနိုင်စေရန် သဘာဝပတ်ဝန်းကျင်နှင့်ဘေးအန္တရာယ်ကျရောက်ခြင်းမရှိအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်လိုအပ်လျက်ရှိကြောင်း သဘာဝပတ်ဝန်းကျင်လေ့လာသူအချို့ကပြောသည်။

**စိုင်းလှုမင်း(မိဒီယာဂရု)**



## သာယာအေးကျေးရွာတွင် ပေ၇၀၀ ရှည်သည့် ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်း တတိယအကြိမ် ထပ်မံခင်းကျင်း

**အမရပူရ ဇန်နဝါရီ ၄**

ရှစ်နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အမရပူရမြို့နယ် မြစ်ငယ်မြို့ သာယာအေးကျေးရွာတွင် ပေအရှည် ၇၀၀ ရှိ ကွန်ကရစ်လမ်းကို ထပ်မံတိုးချဲ့ခင်းခဲ့ကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ခုနှစ်တွင် အမရပူရမြို့နယ်တွင် နွားနို့တော်စုကျေးရွာ၊ ရွာသစ်ကျေးရွာ၊ တဲနန်းသာကျေးရွာ၊ သရက်တန်းကျေးရွာနှင့် သာယာအေးကျေးရွာများတွင် ကိုယ်အားကိုယ်ကိုး လျှပ်စစ်မီးသွယ်တန်းနိုင်ပြီး ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းများ ဖွင့်လှစ်နိုင်ခဲ့သည်။ ကျေးလက်ဒေသများတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲလာခြင်းနှင့်အတူ သွားလာသယ်ယူပို့ဆောင်မှုတွင် ဆိုင်ကယ်၊ ကား၊ သုံးဘီးဆိုင်ကယ် လိုက်ထရပ်(စ်) ကားများဖြင့် သွားလာလျက်ရှိသည်။ သို့အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရန် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများကို နှစ်စဉ်တိုးချဲ့ခင်းလာကြသည်။

ပထမအကြိမ် သာယာအေး ကိုယ်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို ဦးအောင်ခ-ဒေါ်ပိုင်မိသားစုမှ မတည်အလှူငွေကျပ် ၆၉ သိန်းနှင့်အတူ ကျေးရွာသူ၊ ကျေးရွာသားများ စုပေါင်းလှူဒါန်းငွေ ၄၆ သိန်း စုစုပေါင်းကျပ် ၁၁၅ သိန်းအကုန်ကျခံကာ ခင်းခဲ့သည်။ ဒုတိယအကြိမ်တွင် သာယာအေးကျေးရွာတောင်ဘက်၌ သရက်တန်းကျေးရွာမှ မြစ်ငယ်မြို့ရှိ ကတ္တရာလမ်းနှင့်ဆက်သွယ်နိုင်ရန် ရှစ်ပါးကျောင်းဆရာတော်မှ ငွေကျပ်သိန်း ၄၀၀ ခန့် အကုန်အကျခံကာ ကွန်ကရစ်လမ်းခင်းခဲ့ကြောင်း သိရသည်။ ယခုအခါ (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းပေ ၇၀၀ ကို တတိယအကြိမ် ထပ်မံခင်းခဲ့သည်။

ကွန်ကရစ်လမ်းခင်းမှုတွင် ဘိလပ်မြေကုမ္ပဏီများမှ ကွန်ကရစ်ဖျော်ကားများဖြင့် အရောက်ဝန်ဆောင်မှုပေးလျက်ရှိသည်။ ကားတစ်စီးလျှင် ငွေကျပ်ငါးသိန်းသုံးသောင်းနှုန်းပေးရသည်။ ကားတစ်စီးတွင်ပါဝင်သော ကွန်ကရစ်ကိုခင်းပါက ပေအရှည်ထုကွာခြားမှုပေါ်မူတည်ပြီး ပေ ၆၀ ခန့်ခင်းရကြောင်း သိရသည်။ ယခုအခါ သရက်တန်းကျေးရွာနှင့် သာယာအေးကျေးရွာမှ မြစ်ငယ်မြို့ကတ္တရာလမ်းနှင့်ဆက်နိုင်ရန် ယခင်ခင်းထားသော ကွန်ကရစ်လမ်းမနှင့် ချိတ်ဆက်ကာ တစ်ဆက်တည်းဖြစ်အောင် ခင်းကျင်းမှုအောင်မြင်ခဲ့သည်။

ကျောက်ခင်းခြင်း၊ ကွန်ကရစ်လောင်းခြင်းတွင် ကွန်ကရစ်လမ်းပေ ၇၀၀ ခန့် ကုန်ကျစရိတ်မှာ ငွေကျပ်သိန်း ၆၀ ခန့်ကုန်ကျသည်။ လက်ရှိကာလ အမရပူရမြို့နယ် သာယာအေးကျေးရွာ ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းမှာ ရန်ကုန်-မန္တလေးလမ်းနှင့်ဆက်သွယ်ကာ ကျေးရွာချင်းဆက်လမ်းခင်းကျင်းခဲ့သောကြောင့် ဒေသထွက်သီးနှံများကို မန္တလေးမြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

## လမ်းပေါ်ဈေးရောင်းချပါက ဒဏ်ငွေကျပ် တစ်သောင်းနှင့် ရောင်းချခွင့်ပိတ်မည်

**ကန့်ဘလူ ဇန်နဝါရီ ၄**


ကန့်ဘလူမြို့မဈေးကြီးတွင် ဆိုင်ခန်းရှင်များသည် ၎င်းတို့၏ကုန်ပစ္စည်းများကို ဆိုင်ခန်းရှေ့ကျူးကျော်ရောင်းချခြင်း၊ လမ်းမပေါ်ဈေးရောင်းချခြင်းများရှိခြင်းကြောင့် မြို့မဈေးကော်မတီရုံးမှ ဈေးတွင်းဈေးအပြင်ရှိ မိမိတို့ဆိုင်ခန်းရှေ့ ကျူးကျော်ရောင်းချခြင်း၊ လမ်းမပေါ်ရောင်းချခြင်း၊ ဆိုင်ခန်းရှေ့ ရေမြောင်းအတွင်း၌ပစ္စည်းများထား၍ ရောင်းချခြင်းများမပြုလုပ်ကြရန် နှင့် ယင်းသို့ကျူးကျော်ရောင်းချခြင်းများတွေ့ရှိပါက ဒဏ်ငွေကျပ်တစ် သောင်းနှင့် ဈေးရောင်းချခွင့်တစ်ပတ် ပိတ်သိမ်းခံရမည်ဟု ဇန်နဝါရီ ၂ ရက်က အသိပေးကြေညာခဲ့ကြောင်း သိရသည်။ အဆိုပါ မြို့မဈေးကြီးတွင်အချို့ဆိုင်ခန်းရှင်များသည် လမ်းမပေါ်အထိကျူးကျော်ရောင်းချမှုများကြောင့် မနည်းရှောင်တိမ်းသွားလာရကြောင်း၊ ကုန်ပစ္စည်းတင်ဆိုင်ကယ်များ အဝင်အထွက်များကြောင့် ဈေးသွားဈေးလာများဖြင့် စည်ကားနေချိန်တွင် တိုက်မိမည်ကိုစိုးရိမ်ရကြောင်း၊ တာဝန်ရှိသူများက တစ်ပတ်တစ်ခါခန့် စစ်ဆေးသင့်ကြောင်း ဈေးဝယ်လာသူတစ်ဦးကပြောသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**










## မြို့နယ်အားကစားပြိုင်ကွင်းအတွင်း သန့်ရှင်းရေးပြုလုပ်



**မြင်းခြံ ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် အားကစားပြိုင်ကွင်းအတွင်း ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီက သန့်ရှင်းရေးများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအားကစားပြိုင်ကွင်းအတွင်း ပြေးလမ်းတစ်လျှောက်ပေါက်နေသော မြက်များ၊ ပွဲကြည့်စင်ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်များ၊ အပင်ငယ်များကို ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ မြင်းခြံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြင်းခြံခရိုင်နှင့် မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ ခန့်က ရှင်းလင်းခြင်းကို ပြုလုပ်ခဲ့ကြသည်။

အားကစားပြိုင်ကွင်း သန့်ရှင်းရေးပြုလုပ်ခြင်းကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြင်းခြံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မောင်ဝင်း၊ မြင်းခြံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူး၊ မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်ကျော်နိုင်တို့က ကြီးကြပ်၍ ရှင်းလင်းခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနက အမှိုက်သယ်ယာဉ်များဖြင့် အမှိုက်များသယ်ယူပို့ဆောင်ခဲ့ပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကောက်ညှင်းပေါင်းနှင့် အကြော်များကို ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# အုပ်ချုပ်ရေးမှူးအသစ်ပြန်လည်ရွေးချယ်ရန် ကြီးကြပ်မည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ရပ်မိရပ်ဖငါးဦး ရွေးချယ်ဖွဲ့စည်း

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၆ ခုနှစ် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအသစ်များ ပြန်လည်ရွေးချယ်ခန့်ထားနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ကြမည့် ရပ်မိရပ်ဖငါးဦး ရွေးချယ်ဖွဲ့စည်းရေးလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂ ရက် နံနက် ၁၀ နာရီမှစတင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့်အဖွဲ့သည် ဘူတာရပ်ကွက်၊ စံပြရပ်ကွက်နှင့် မြို့မကွက်သစ်ရပ်ကွက်များသို့ ကွင်းဆင်းဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြီးကြပ်ရေးအဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့မစခန်းမှူး ဒုတိယရဲမှူး မြင့်အောင်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးမောင်မောင်ရင်တို့ လိုက်ပါခဲ့ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ရပ်မိရပ်ဖများပါဝင်သည့် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းအကြောင်းနှင့် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရွေးချယ်ခန့်ထားရာတွင် ရပ်မိရပ်ဖများအနေဖြင့် သိသင့်သိထိုက်သည့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို လေ့လာသိရှိနိုင်ရေး နှစ်ရက်တာအချိန်ယူ ဆွေးနွေးပို့ချပေးမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်ပန်းတောင်းမြို့နယ်အတွင်း မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းထားရှိပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ကြီးကြပ်ရေးအဖွဲ့များကို ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၅ ရက်အတွင်း အပြီးရွေးချယ်ဖွဲ့စည်း၍ အဆိုပါကြီးကြပ်ရေးအဖွဲ့ဝင်များအား ဇန်နဝါရီ ၆ ရက်နှင့် ဇန်နဝါရီ ၇ ရက်ထိ ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်တာဝန်ပေးအပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို နှစ်ရက်တာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ကသာမြို့ မီးလောင်ကျွမ်းထားသော မြို့မဈေးကြီး တည်ဆောက်ပြီးစီး၍ ဖွင့်လှစ်

**ကသာ ဇန်နဝါရီ ၄**

၂၀၁၂ ခုနှစ် မတ် ၇ ရက်ညက ဈေးကြီးအရှေ့ဘက် ဈေးအပြင်လမ်းမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့ပြီး မြို့မဈေးကြီးကို မီးကူးစက်လောင်ခဲ့ရာ ဈေးကြီးတစ်ခုလုံး ပြာကျခဲ့ရသည်။ ၂၀၁၂ ခုနှစ် မတ် ၂၈ တွင်မြို့မဈေးကြီးကို ရှင်းလင်းပြီး ပြန်လည်တည်ဆောက်ခဲ့ရာ ၂၀၁၄ ခုနှစ် မေ ၅ ရက်တွင် မြို့မဈေးကြီးတစ်ခုလုံး ပြီးစီးခဲ့သည်။

၂၀၁၄ ခုနှစ် မေ ၁၄ ရက်တွင် ကသာမြို့ စည်ပင်သာယာရေးစီမံခန့်ခွဲမှုကော်မတီသို့ လွှဲပြောင်းအပ်နှံခဲ့သည်။ ဆိုင်ခန်းပေါင်း ၆၄၆ ခန်း စုစုပေါင်းကုန်ကျငွေကျပ်သိန်း ၁၇၅၀ သိန်းဖြစ်သည်။ ဈေးကြီးဖွင့်ပွဲကို ကသာမြို့စည်ပင်သာယာရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်ဌေးက ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် ဈေးကြီးအနောက်မုခ်တွင် အခမ်းအနားဖွင့်လှစ်၍ ဈေးကြီး၏တည်ရှိခဲ့ပုံနှင့် ဈေးရာဇဝင်သမိုင်းကို ရှင်းလင်းပြောပြခဲ့သည်။

ယင်းနောက် ဈေးကော်မတီလူကြီးများ၊ ကသာမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်တို့က မြို့မဈေးကြီးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဈေးသူ၊ ဈေးသား၊ မြို့နေပြည်သူလူထုအင်အားငါးရာခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းမင်းနိုင်(ကသာ)**

# (၆၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့် ကျန်စစ်သား ခလောင် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

**ကျောက်တံခါး ဇန်နဝါရီ ၄**

(၆၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျန်စစ်သား ခလောင်ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီက အဆိုပါမုခ်ဦးဝ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဝင်းက ကျေးရွာချင်းဆက်လမ်းပိုင်းများ ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ ယင်းနောက်ကျေးရွာချင်းဆက် ကျန်စစ်သားခလောင်ကျောက်ချောလမ်းသစ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးအောင်ကျော်မိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးတင့်ကျော်လွင်တို့ကဖွင့်လှစ်ပေးခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

**ရာပြည့် အထူးလျှော့ဈေးစာအုပ်ရောင်းပွဲ**

**တစ်ဦးချင်း ၂၀ %၊ ကိုယ်စားလှယ် ၃၀ %၊ အခြားတိုက်ထုတ် ၁၀ % လျှော့**

မြင့်သန်း(မြန်မာပြန်) ၇၇၊ ဒေါက်တာကျော်ဝင်း၏ ညောင်ရမ်းမင်းသား၏ နောက်ဆုံးနေ့ရက်များ၊ ညိုမြ၏ အိုးဝေ လက်ဖက်ရည်ကြမ်းဝိုင်း[ပ]နှင့်[ဒု]၊ မောင်ပေါ်ထွန်း၏ ငွေရှာနည်း ငွေသုံးနည်း၊ ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ အမှတ်တရပုဂ္ဂိုလ်များ [ဖြည့်စွက်ထုတ်]၊ မောင်ခင်မင်(ဓနုဖြူ)၏ စကားသမုဒ္ဒရာ စာသမုဒ္ဒရာ. . .တို့ဖြင့်။

၅၊ ၁၊ ၁၆ မှ ၁၁၊ ၁၊ ၁၆ ထိ၊ နံနက် ၉ နာရီ မှ ညနေ ၆ နာရီ အထိ
ရာပြည့်စာအုပ်ဆိုင် –ပန်းဆိုးတန်း(၀၁– ၂၄၃ ၃၅၁၊ ၃၇၅ ၉၅၂)၊လှည်းတန်း(၀၉၅၁ ၄၆၁ ၄၂)






# မဟာဗောဓိတစ်ထောင်ဆရာတော်ကြီး၏(၈၅) နှစ်ပြည့်မွေးနေ့ အကြိုပြည်ပဆရာဝန်များက ကုသိုလ်ပြုဆေးကုသပေးမည်

**မုံရွာ ဇန်နဝါရီ ၄**

မုံရွာမြို့ မဟာဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီး (၈၅) နှစ်မြောက်မွေးနေ့ပူဇော်အလှူပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂၃ ရက် တပို့တွဲလပြည့်နေ့၌ ကျင်းပမည်ဖြစ်ရာ မွေးနေ့အကြိုအဖြစ် ဗောဓိတစ်ထောင် သံဃာ့ဆေးရုံတွင် ပြည်ပမှ ဆရာဝန် ၈၀ ဦးကျော်ဖြင့် တစ်ရက်လျှင် လူနာတစ်ထောင်ကျော်ကို စမ်းသပ်ကုသပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း လက်ရှိဗောဓိတစ်ထောင် တတိယနာယကဆရာတော် ဦးဩဘာသ [ဦးဇင်းဖြိုး] ထံမှ သိရသည်။

"ဆရာတော်ဘုရားကြီးရဲ့ မွေးနေ့ပွဲကျင်းပလာတာအခု (၈၅) နှစ်ပြည့်ဆိုရင် ၅၅ ကြိမ်ရှိပါပြီ။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်ကတည်းက အလှူကြီးပေးပြီး ကျင်းပလာကြတာ အခုထိ ဒါယကာ၊ ဒါယိကာမတွေစုပြီး ကျင်းပနေတာပါ။ ဒီနှစ်ဆရာတော်ကြီး ၈၅ နှစ်မွေးနေ့အကြိုအဖြစ် စင်ကာပူက ဦးကျော်ခင်ဦးဆောင်ပြီး စင်ကာပူ၊ အင်္ဂလန်၊ အမေရိကန်နဲ့ ဩစတြေးလျနိုင်ငံက အထူးကုဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေက ခွဲစိတ်ကုပစ္စည်းကိရိယာ အစုံအလင်နဲ့ လာရောက်ကုသပေးမှာဖြစ်ပါတယ်။ ဆရာတော်ကြီးမွေးနေ့ပွဲအဖြစ် အခုလို ဆေးကုသပေးတာ ဒါပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်" ဟု ဦးဩဘာသက မိန့်ကြားသည်။

ဆရာတော်ကြီးမွေးနေ့ပွဲအကြိုအဖြစ် အခမဲ့ဆေးကုအလှူပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်ထိ ဗောဓိတစ်ထောင်သာသနာ့မြေတွင် မျက်စိ၊ နား၊ နှာခေါင်း အပ်စိုက်ကုအပါအဝင် အထွေထွေရောဂါများကို ဆေးဝါးများအပြင် အခြားကုသရေးပစ္စည်းများဖြင့် ကုသိုလ်ဖြစ်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဆရာတော်ကြီးမွေးနေ့ အထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် စစ်ဘေးဒဏ်သင့်ဒေသမှ ကလေးငယ်များ၊ မရှိဆင်းရဲကလေးငယ်များ၊ မိဘမဲ့ကလေးငယ်များ စုစုပေါင်း ၆၀ ဦးကို ရှင်ပြုပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ဆရာတော်ကြီး ၇၅ နှစ်ပြည့်မွေးနေ့ပွဲက ပထမအကြိမ်အဖြစ် ရှင်ပြုပေးခဲ့ပြီး ယခုအပါး ၆၀ ရှင်ပြုပွဲသည် ဒုတိယအကြိမ်ဖြစ်သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ရွှေဟောင်းသမိုင်းဝင် စကြာသီဟ၊ စကြာနန္ဒ စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်း ပြန်လည်မွမ်းမံပြင်ဆင်မည်

**မြောင်းမြ ဇန်နဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြို့ဦးမြို့ထိပ်၌ တည်ထားကိုးကွယ်တော်မူသော ရွှေဟောင်းသမိုင်းဝင် စကြာသီဟ၊ စကြာနန္ဒ စေတီတော်မြတ်ကြီးသည် နှစ်ကာလကြာမြင့်လာမှုကြောင့် အမိုးများပျက်စီးလာကာ ယခုပွင့်လင်းရာသီတွင် မြို့ကျက်သရေနှင့် လိုက်လျောညီထွေစွာ ပြန်လည်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်ကာလကြာမြင့်လာတော့ ဘုရားကြီးရဲ့ အာရုံခံတန်ဆောင်း အမိုးတွေပျက်စီးယိုယွင်းလာတာကို အလှူရှင်ကတွေ့မြင်ပြီး အမိုးနဲ့ အခြားလိုအပ်တာတွေပြင်ဆင်ဖို့ လှူဒါန်းခဲ့တာပါ။ အခုပွင့်လင်းရာသီမှာ အပြီးအစီး ပြုပြင်ဆောင်ရွက်သွားမှာပါ" ဟု ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စကြာသီဟ၊ စကြာနန္ဒ စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းတော်ကြီးကို မြောင်းမြမြို့ဇာတိဖွားဖြစ်သော အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဇနီး ဒေါက်တာဒေါ်ဌေးဌေးငြိမ်းမိသားစုတို့က ပြန်လည်ပြင်ဆင်နိုင်ရန်အတွက် အလှူငွေကျပ်သိန်း ၁၅၀ ကို လှူဒါန်းပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြပြန်/ဆက်)**

# အင်းဝမြို့ဟောင်းရှိဗားကရာကျောင်းအား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား

**တံတားဦး ဇန်နဝါရီ ၄**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ၊ ရှေးဟောင်းလက်ရာများနှင့် ရေမြေတောတောင်သဘာဝအလှတရားများကို တစ်နေ့ထက်တစ်နေ့ ကမ္ဘာကသိရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားများလာရောက်လည်ပတ်မှုများပြားလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဗားကရာကျောင်းအား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီသစ်သားကျောင်းကြီးက အလွန်ရှားပါးတဲ့ဗိသုကာလက်ရာတွေ၊ ပန်းချီ၊ ပန်းပုအနုပညာလက်ရာတွေ၊ အလွန်ရှေးကျတဲ့ကျွန်းတိုင်ကြီးတွေ၊ ကျောင်းကြီးတည်ဆောက်ပုံ ဒါတွေကို ပြည်ပခရီးသွားများကလေ့လာကြတယ်။ ဗားကရာကျောင်းကြီးလေ့လာပြီးရင် အနောက်ဘက်မှာရှိတဲ့ ညောင်းရမ်းခေတ်ဘုရားတွေကို သွားရောက်လေ့လာကြတယ်။ အင်းဝဒေသကို ပြည်ပခရီးသွားများ လာရောက်မှု ခရစ္စမတ်အလွန်ကာလမှာ ပိုမိုများပြားတယ်။ နေ့စဉ် ၆၀၀ မှ ၁၀၀၀ ခန့်ရှိတယ်" ဟု ဟံသာဝတီကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ရွှေဘုရင်မင်းဆက် ၃၁ ဆက်ထီးနန်း စိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ ဗားကရာကျောင်းသည် ဘကြီးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး သစ်သားကျွန်းတိုင်ပေါင်း ၂၆၇ လုံး ပါရှိသည်။ အကြီးဆုံးကျွန်းတိုင်သည် လုံးပတ်ကိုးပေရှိသည်။ အကျယ်အဝန်းမှာ အလျား ၁၈၈ ပေ၊ အနံ ၁၀၃ ပေရှိပြီး အလွန်ရှားပါးသော ဗိသုကာလက်ရာများ တွေ့မြင်နိုင်သည်။

ကျောင်းတော်ကြီး၏ ဘေးပတ်လည်တွင် အုတ်လှေခါး ငါးစင်းတပ်ဆင်ထားပြီး ပြသာဒ်ဆောင်၌ ကိန္နရာရုပ်တုများ၊ ပွတ်လုံးများ၊ ပန်းပုရုပ်များဖြင့် တန်ဆာဆင်ထားသည်။ တံခါး ပြတင်းများ၌ နတ်ရုပ်များ၊ ပန်းနွယ်၊ ပန်းခက်များဖြင့်လည်းကောင်း၊ ခါးပန်းများ၌ လက်ရန်းထိပ်တွင် ခြသေ့ပုံပန်းပုရုပ်များ၊ ပွတ်လုံးများ၊ နတ်ရုပ်များဖြင့် တန်ဆာဆင်ထားပြီး အတွင်းဆောင်လက်ရန်းများ၌ ဒေါင်းရုပ်များ၊ လက်ရန်းထိပ်ပိုင်းတွင် ခြသေ့ကိုယ်၊ ဘီးလူးခေါင်းရုပ်တုများဖြင့် တန်ဆာဆင်ထားသည်။ ကျောင်းတော်ကြီး၏အမိုးမှာ မူလလက်ရာမဟုတ်ဘဲ ဒုတိယကမ္ဘာစစ်မဖြစ်မီက အလှူရှင်တစ်ဦးက သွပ်မိုးလှူဒါန်းခဲ့ကြောင်းမှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**



M.E.E.G
SINCE 2004
Construction Design Training & Service
1.Architectural Design 2.Structural Design 3.M&E Design
International Certificated Courses....
AutoCAD / 3dsMAX / SketchUp / MicroStation
SolidWorks / Revit / Etabs & Safe / Estimate
No.18,Second Floor, U Tun Lin Chan St, Kamayut Ts, Yangon.
PH: 01512476, 0949294085, 0973145196 , 095140118
www.facebook.com\meeg masterpiece meeg2004@gmail.com

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph: 703790, 09-861-8008
707062, 09-861-7770

အမြန်အလိုရှိသည်
CNG ယာဉ်မောင်း(၁)ဦး
နံနက် ၆ -ည ၈ နာရီ၊
စပေါ် ၂၀၀၀၀၀/- နှစ်သိန်း
၁၄၀၀၀/- ပုဇွန်တောင်မြို့နယ်
ဖုန်း ၀၉ -၂၅၄၁၂၅၆၉၄

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ခုံနံပါတ်ယူထားနိုင်သည်။
LCCI
အနှစ်(၂၀)အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တတိယ၊ ပန်းဆိုးတန်းလမ်း၊(အထက်ဘလောက်)။
☎-01-371741, 240824, 381350

သင့်စိတ်ကူး လက်တွေ့အကောင်အထည်ဖော်ဖို့ အိမ်ရာအရောင်းပြပွဲသို့ ကြွလှမ်းကြပါစို့။
Main Sponsor: HSG Myanmar
The 4th Housing & Living 2016
တပ်မတော်ခန်းမ
ဇန်နဝါရီလ ၁၅ရက်မှ ၁၇ရက်နေ့ထိ
Exclusive Website Partner: SHWE PROPERTY.COM
Media Partner: myanmar HOME & DECOR
Online မှ register ပြုလုပ်သူများကို Samsung Tab A အပါအဝင်အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံထူးရှင်အဖြစ်ရွေးချယ်ကာချီးမြှင့်သွားပါမည်။
ပြပွဲသို့ကြွရောက်လေ့လာသူများအတွက်လည်းနေ့စဉ် Mobile Handset (၃)လုံးနှင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများစွာကိုကံစမ်းမဲဖွင့်လှစ်ပေးမည်ဖြစ်သည်။
အထူးအစီအစဉ်အနေဖြင့်ပညာရှင်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ အိမ်ခြံမြေဆိုင်ရာဆွေးနွေးဟောပြောပွဲစီစဉ်ထားရှိမည်ဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆိုတက်ရောက်လေ့လာနိုင်ပါသည်။
Supporting Partners:
hot line: 09 30331405
www.events-housingandliving.com
M.K.T
THE LEAF Residence
Prime livingmall
Times City
GYG
MGM
TMAC
ACQUA SANITARIO
LEDEME
GGIDC
TWP Company
PARKLON

Cordially Welcome to Myanmar Int'l Agrimach Expo 2016

the best of its kind in Myanmar

Myanmar INT'L AGRIMACH expo 2016

# မြန်မာ အပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာ ပြပွဲ ၂၀၁၆

# MYANMAR INT'L AGRIMACH EXPO 2016

3-6 March, 2016. Myanmar Convention Center, Yangon, Myanmar.

## MIAME 2016

**တောင်သူလယ်သမားများ** ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသော နိုင်ငံတကာအဆင့် ပြပွဲကြီးဖြစ်ပါသည်။ ပြည်တွင်း ပြည်ပ ကုမ္ပဏီများ၊ အဖွဲ့အစည်းများမှ ကမ္ဘာ့အဆင့်မီနည်း ပညာများကို ခင်းကျင်းပြသ သွားမည်ဖြစ်ပါသည်။

လက်ဆောင်နမူနာများ ဆုမဲများ၊ ဖျော်ဖြေညှို့ခံပွဲ၊ ဟောပြောပွဲနှင့် ပြိုင်ပွဲများလည်း ပါဝင်ပါသည်။

ပြခန်း နေရာရယူလိုသော ကုမ္ပဏီ အဖွဲ့အစည်းများ **MPPA** နှင့် ဆက်သွယ် ညှိနှိုင်း ရယူနိုင်ပါသည်။

To honor the **Myanmar farmers**, we cordially invite you to join us in the **Myanmar International Agriculture Machinery Expo**, which will be composed of exciting live demonstrations, latest innovative technologies and free product samples from companies around the world.

**Showcased items featuring:**

- farm mechanization equipments and machineries
- agro-based food processing equipments and machineries
- compact rice mills
- innovative storage solutions
- value-adding technology
- other innovative agriculture and agro-based products

**Participating exhibitors from:**

- Japan
- Italy
- Switzerland
- India
- China
- Korea
- Thailand
- Many others




Stand a chance to win the Grand Prize TRACTOR and many more items in our lucky draw !




Main Sponsor & Event Manager: MPPA

Endorsed by:

Ministry of Commerce

UMFCCI
THE REPUBLIC OF THE UNION OF MYANMAR FEDERATION OF CHAMBERS OF COMMERCE & INDUSTRY

**Gold Sponsors**

MYANMAR ACME PRODUCTION CO.,LTD.

IGL

BÜHLER

**Organized by**

MPPA

မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း

Myanmar Paddy Producers Association

Office 2&4, Level 5, UMFCCI Office Tower, No.29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon, Myanmar.

Tel : +(95) 1 2314841~3 Fax: +(95) 1 2314955

e-mail: mppa@mptmail.net.mm, swhlaing06@gmail.com, www.myanmarpaddyproducers.org

Contact : **Ms. Paddy :** +(95) 9 50 22973

Enjoy Free Live Performances & Contest

FREE ENTRY

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဂ) ၁-၁-၂၀၁၆ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။
(အထက်ပါအတိုင်း ကိုယ်အလေးချိန် သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက် ရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၄-၁-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၄-၁-၂၀၁၆ ရက်နေ့မှ ၁-၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက် သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၁ နှစ် ၆ လကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၁ နှစ် ၆ လအတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၂၀၀၀၀ိ /-ကျပ်ကို လည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သား အခြေခံလစာ ၁၂၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (တတိယတန်း)(အခြေခံလစာ-၁၇၀၀၀၀ိ+အရည်အချင်းလစာ ၄၀၀၀ိ+ **M.H.R.A** ၁၀၀၀၀ိ=၁၈၄၀၀၀ိ) အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ရေ၊လေ)တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့် /အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ခ) တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဂ) ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (ဃ) အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

ကြော်ငြာ

## နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ ဦးတင်စိုး-မေမေ ဒေါ်ဝင်းမာတို့၏ ၅-၁-၂၀၁၆ ရက်တွင် ပြည့်မြောက်သည့် ပုလဲရတု မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သား၊ ချစ်သမီးများ၊ ချစ်မြေးလေးနှင့်အတူ ပျော်ရွှင်ချမ်းမြေ့သည့် မိသားစုဘဝကို ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

သမီးကြီး - ဒေါက်တာကျော်မင်းဦး-ဒေါက်တာသဉ္ဇာစိုး
ချစ်မြေးလေး - မေသဒ္ဒါချမ်းမြေ့**@pinky Lay**
သမီးငယ် - ဒေါက်တာယုမွန်သင်း**(M.B.,B.S)**
သားငယ် - ဒေါက်တာထက်ဝေဖြိုး
(အလုပ်သင်ဆရာဝန်)

## ချစ်ခင်ပွန်း ဦးခွန်နောင်မြင့်ဝေအတွက် မွေးနေ့ဆုတောင်း

၅-၁-၂၀၁၆ ရက်တွင် ကျရောက်သော မောင့်မွေးနေ့ မင်္ဂလာရက်မြတ်မှသည် အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သားကြီး၊ ချစ်သားလေးတို့နှင့်အတူ ကျန်းမာ၊ ချမ်းသာ ပျော်ရွှင်မှုများစွာဖြင့် ဘဝခရီးမှာ အောင်မြင်မှုများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး - ဒေါ်အဏ္ဏဝါလင်းဦး
ချစ်သားကြီး - မောင်ထိပ်ခွန်နောင်မြင့်ဝေ
ချစ်သားငယ် - မောင်လွင်နောင်မြင့်ဝေ

အာရှနဂါး
Asia Dragon
Ph:01 707062, 09 799100100
01 703790, 09 797100100

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်၊
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်၊
09-5078440,01-551649,01-209183

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ ချည်မျှင်နှင့်အထည် စက်ရုံ(၇)ရုံအတွက် လိုအပ်သော ချည်မျှင်ရှည် ဝါဂွမ်း(C)(၁၂၆၁၂၀၀)ပိဿာအား မြန်မာ ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် ကြော်ငြာအပ်ပါသည်။

တင်ဒါအမှတ် - ၀၃/၂၀၁၅-၂၀၁၆
တင်ဒါဖြန့်ရက် - ၅-၁-၂၀၁၆ ရက်
တင်ဒါပိတ်ရက် - ၅-၂-၂၀၁၆ ရက်

တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)၊ အကြီးစား စက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၁၃၈၊ ၄၀၈၄၃၉၊ ၄၀၈၄၉၂တွင် မေးမြန်းစုံစမ်းနိုင်ပါသည်။






# ရိုးမဘဏ်

ကျင့်ဝတ်မှန်ကန် ရိုးမဘဏ်

## တောင်ဒဂုံဘဏ်ခွဲ

**ရိုးမဘဏ်လီမိတက် (၅၈)ခုမြောက်ဘဏ်ခွဲကို**

အမှတ်–၁၄၈၆၊ ပြည်ထောင်စုလမ်းမကြီးနှင့်ဟေမဝန်လမ်းထောင့်၊

(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း– (၀၁) ၅၉၁၄၂၉၊ ၅၉၁၄၃၀၊ ၅၉၁၄၈၃၊ ၅၉၁၄၈၄၊ ၅၉၁၄၉၈၊ ၅၉၀၅၉၆

**၆.၁.၂၀၁၅ (ဗုဒ္ဓဟူးနေ့) တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။**

**ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေများအား သတင်းကောင်းပါးအပ်ပါသည်။**

www.yomabank.com



**VAC®** VALUE ADDED CONSULTANCY — မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

(မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံသော နိုင်ငံခြားကုမ္ပဏီများမှ အလုပ်စတွေခေါ်နေပြီ)

**Job Openings for Foreign Engrgy (Oil & Gas) Firms**

**Finance Manager** (1)
- Professional Accounting Qualification- C.A Or Equivalent. Seasoned professional With Extensive Undestending of Business, Knowledge of Financial Systems & Local Legislation

**Business Support Manager** (1)
- Superior Degree With Exp On Managing Sales Admin & Logistics. 5yrs Minimum Exp In Distrubution Business , Including Supply Chain Exposure & Retail Operation.

**Learning & Development Manager** - USD 3000 (1)
- Exp In Training, Learning & Development, Preferable in NGO Field

**Marketing Manager** – LPG (1)
- Exp In Sales of LPG, Operation Manag, Dealing with Customers, Supplier, Pre in MOGE Field

**Bitumen Technical Sales Manager** (1)
- 5yrs Sales Exp on Construction MaterialField, Fluent in Eng

**Technical Sales Officer** (1)
- 5yrs Exp on Construction Materiel, Building Material Field, Fluent in Eng

**Maintenance Supervisor** – USD 1000 ++ (1)
- Engg Degree In (ME/EP) , Relevant Exp With Supervisory Responsibility

**Operation Supervisor** (1)
-BE/GTI(ME/EP/IE),5yr Exp in Oil & Gas Facilities,10yr Exp If Education Requirement not Met

**Electrical Technician** -Degg In Engineering ,2yrs Exp In Oil Terminal Operation (1)
**Logistics Coordinator** - 2yrs Exp On Operational & Distribution Business (1)
**Customer Service Rep** -BBA/BBM, Exp In Dealing with External Customers (1)
**IT Coordinator** - B.C.Sc / BE (IT), Exp In IT Field, Fluent in English, (1)
**Team Secretary** - 5yrs Exp in Secretarial Field, Fluent in English (1)
**Yard Assistant** - Degree In IE or Equivalent , 2yrs Exp In Hendling Of Fuel (1)
**Dispatcher** - 5yrs Exp On Relevant Field, Fluent in English (1)

E-mail ဖြင့်အလုပ်လျှောက်နိုင်သည်။ CVကို MicroSoft Word File ဖြင့်ပို့ပါ

များပြားသောအလုပ်အကိုင်အခွင့်အလမ်းများ ⟹ f Like **Value Added Consultancy**

No.118, 6th Floor,23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094


**စာအုပ်စာပေလှူဒါန်းမှုမှတ်တမ်း**


**အမည်ပြောင်း**

အမက-ညောင်ဝိုင်း၊ မှော်ဘီ၊ ပထမတန်း မှ အဖ ဦးဇော်ထက်၏သမီးဖြစ်သူ မအေးစံပယ်ဖြူအား မအိအိဖြိုးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

မအိအိဖြိုး


**ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော**


**MECHANICAL CAR PARKING**










TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

Hot Line No-0930500100

# (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အမျိုးသားရေးဦးတည်ချက် (၄)ရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ နေပြည်တော်၌ကျင်းပ


၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၄**

ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်း သိမ်းကာကွယ်ရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘော တူညီချက်နှင့်အတူ ထာဝရငြိမ်းချမ်း ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် ရေးဟူသော အမျိုးသားရေးဦးတည် ချက် (၄)ရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၁၆ ခုနှစ် (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

# သေမင်းတမန်မီးရထားလမ်းပြတိုက် သံဖြူဇရပ်တွင် ဖွင့်လှစ်



**သံဖြူဇရပ် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံကို ဆက်သွယ်ဖောက်လုပ်ခဲ့သော သမိုင်းဝင် သေမင်းတမန်မီးရထားလမ်းနှင့်ပတ်သက်သည်များကို ပြသထားသည့် သေမင်း တမန်မီးရထားလမ်းပြတိုက်ကို ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်တစား လေ့လာနိုင်ရန် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။ **(ယာပုံ)**

ဒုတိယကမ္ဘာစစ်အတွင်း သမိုင်းဝင်ဖြစ်ခဲ့သည့် သေမင်းတမန်မီးရထား လမ်းနှင့်ပတ်သက်၍ ကမ္ဘာလှည့်ခရီးသည်များက အထူးစိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိရာ သမိုင်းဝင်ဖြစ်ရပ်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ သရီးဒီရုပ်ပုံများ၊ ရုပ်တုများဖြင့် ပြသထားမည့် ရထားလမ်းပြတိုက်ကို လေ့လာ နိုင်မည်ဟု သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**







themirror.npt@gmail.com
www.facebook.com/themirrordaily